

PHOTO: NRC

# CHAPTER 1 • 2015
# ABOUT CAMP MANAGEMENT

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့်အသုံးအနှုန်းသည် စခန်းများနှင့် စခန်းကဲ့သို့သော နေရာအမျိုးမျိုးကို ရည်ညွှန်းခြင်းဖြစ်ပြီး စနစ်တကျတည်ထောင်ထားသောစခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်းနေထိုင်ရာနေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

## အဓိက အချက်အလက်များ

- စခန်းများသည် နောက်ဆုံးမှသာ ရွေးချယ်စရာတစ်ခုဖြစ်ပါသည်။ စခန်းများသည် ရေရှည်တည်တန့်သော ဖြေရှင်းရန် နည်းလမ်းတစ်ခုမဟုတ်ပါ။ သို့သော်ရွှေ့ပြောင်းနေထိုင်သောလူများ၏ အခြေခံလူ့အခွင့်အရေးများ ရရှိစေရန်အလို့ငှာ ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုများကို ယာယီဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။
- စခန်းစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်မှာ သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာမှပြဋ္ဌာန်းထားသောဥပဒေ၊ လမ်းညွှန်များ၊ စံနှုန်းများနှင့်အညီ ဝန်ဆောင်မှုများနှင့် ကာကွယ်စောင့်ရှောက်မှုတို့ကို ပေးနိုင်ရန်ဖြစ်ပါသည်။
- လူသားချင်းစာနာမှု၊ ကြားနေမှု၊ ဘက်မလိုက်မှုနှင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုဟူသည့် လူသားချင်း စာနာထောက်ထားမှု အခြေခံမူဝါဒများသည် အရေးပေါ်အခြေအနေတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လုပ်ဆောင်နေသည့် အခြားသောပါဝင်ပတ်သက်သူများနည်းတူ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ လုပ်ငန်းများအတွက်လည်း ကျင့်ဝတ်ဆိုင်ရာ အခြေခံ အုတ်မြစ်ပင် ဖြစ်ပါသည်။
- ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုများပေးရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် Sphere စံနှုန်းများ၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR) နှင့် အရေးပေါ်အခြေအနေအတွက် ပညာရေးဆိုင်ရာ နိုင်ငံတကာကွန်ယက် (International Network for Education in Emergency - INEE) တို့၏ စံနှုန်းများ၊ အရေးပေါ်အခြေအနေရှိ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ လမ်းညွှန်များနှင့် စံနှုန်းများ (Livestock Emergency Guidelines and Standards - LEGS)၊ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများအတွက် ကလေးသူငယ်စောင့်ရှောက်ရေး စံနှုန်းများနှင့် အဖွဲ့အစည်းပေါင်းစုံပါဝင်သော အမြဲတမ်းကော်မတီ (IASC)၏ ကျားမလူမှုကဏ္ဍဆိုင်ရာ လမ်းညွှန်များ အပါအဝင် နိုင်ငံတကာ စံနှုန်းအမျိုးမျိုးအား ရည်ညွှန်းကိုးကားပါသည်။
- စခန်းစီမံခန့်ခွဲမှုသည် နိုင်ငံတကာအဆင့်တွင် ဒုက္ခသည်များ၏ ရပိုင်ခွင့်များကို ပြည့်စုံစွာ သတ်မှတ်ပြဋ္ဌာန်းပေးထားသည့် နိုင်ငံတကာဥပဒေများဖြစ်သည့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေနှင့် လူ့အခွင့်အရေးဥပဒေများပေါ်တွင် အခြေခံကာ ဆောင်ရွက်ပါသည်။ နိုင်ငံတွင်းမှာပင် ရွှေ့ပြောင်းနေထိုင်ကြသူများမှာမူ ၎င်းတို့တိုင်းပြည်၏ နိုင်ငံသားအဖြစ် တရားဝင် အပြည့်အဝရပ်တည်နိုင်သူများ ဖြစ်သည်နှင့်အညီ လူ့အခွင့်အရေးဥပဒေနှင့် ယင်းနှင့် ဆက်စပ်နေသော အထောက်အကူ စည်းမျဉ်းများမှ ကာကွယ်စောင့်ရှောက်ပေးထားပါသည်။
- ပြည်တွင်းနေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်သူများနှင့် နယ်စပ်ဖြတ်ကျော်ထွက်ပြေးလာသော ဒုက္ခသည်များ ယာယီခိုလှုံနိုင်သည့်နေရာများမှာ ပုံစံအမျိုးမျိုး ရှိပါသည်။ ထိုနေရာများ၏ ထူးခြားချက်မှာ စဉ်ဆက်မပြတ် ပြောင်းလဲနေခြင်းပင် ဖြစ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍမှာ စခန်းတစ်ခု၏ ရောက်ရှိနေသည့်အဆင့်ကိုလိုက်ကာ ပြောင်းလဲသွားပါသည်။ စခန်းတစ်ခု၏ ဘဝစက်ဝန်းတွင် ယေဘုယျအားဖြင့် အဆင့်သုံးဆင့်ပါဝင်ပါသည်။ ယင်းတို့မှာ စခန်းထူထောင်ခြင်း၊ စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် စခန်းပိတ်သိမ်းခြင်းတို့ဖြစ်ပါသည်။
- စခန်းတစ်ခုတွင် နေထိုင်ခြင်းအား ရေရှည်တည်တန့်သော ဖြေရှင်းနည်းတစ်ခုအဖြစ် မည်သည့်အခါမျှ မမှတ်ယူသင့်ပါ။ ရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေတစ်ခုအတွက် ယာယီတုံ့ပြန်မှု နည်းလမ်းတစ်ရပ်သာဖြစ်ပါသည်။ ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအတွက် ရေရှည်တည်တန့်သောဖြေရှင်းနည်းကို ဖော်ဆောင်နိုင်ခြင်းသည် ရွှေ့ပြောင်း နေထိုင်ရမှုကို အဆုံးသတ်ရန်အတွက် အဓိကကျသောအချက်ဖြစ်ပြီး စခန်းအစီအစဉ်စတင်စဉ်ကတည်းက ထည့်သွင်းစဉ်းစား ထားရမည်ဖြစ်ပါသည်။ ရေရှည်တည်တန့်သော ဖြေရှင်းနည်းသုံးမျိုးရှိပါသည်။ နေရပ်ပြန်ခြင်း၊ စခန်းရှိရာ ဒေသတွင် ပေါင်းစည်းနေထိုင်ခြင်း သို့မဟုတ် ပြန်လည်နေရာချထားပေးခြင်း တို့ဖြစ်ပါသည်။
- ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများသည် စခန်း သို့မဟုတ် စခန်းနှင့်တူသော အခြေအနေများတွင် မလွှဲမရှောင်သာ ခိုလှုံရသောအခါမျိုး၌ စခန်းညှိနှိုင်းမှုနှင့် စခန်းစီမံခန့်ခွဲမှု အစုအဖွဲ့ (Camp Coordination and Camp Management Cluster – CCCM Cluster) သို့မဟုတ် ဤကဏ္ဍကို ဦးဆောင်သော အေဂျင်စီသည် လူသားချင်းစာနာထောက်ထားသော လုပ်ငန်းများအား လျှင်မြန်ထိရောက်အကျိုးရှိစွာ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းအားထုတ်ပါသည်။ CCCM အစုအဖွဲ့သည်

စခန်းများတည်ထောင်ခြင်းကို အားမပေးဘဲ ရေရှည်တည်တံ့သော ဖြေရှင်းရန်နည်းလမ်းများအား အားပေးမြှင့်တင်ခြင်းဖြင့် ရွှေ့ပြောင်းနေထိုင်ရသူများ၏ စခန်းတွင်း ခိုလှုံရမှုကို အဆုံးသပ်ရန် ကြိုးပမ်းပါသည်။

- စခန်းတစ်ခု လည်ပတ်နိုင်ရေးအတွက် နိုင်ငံအာဏာပိုင်များ၊ စေတနာရှင်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ပါဝင်ပတ်သက်သူအမျိုးမျိုးတို့သည် စခန်းလူထုနှင့် စခန်းကို လက်ခံ ထားသော အနီးဝန်းကျင်မှ ရပ်ရွာလူထုတို့နှင့်အတူ ပါဝင်ဆောင်ရွက်ပါသည်။ ထို့အတွက်ကြောင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လုပ်ဆောင်သူ အမျိုးမျိုးနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးဒဏ်သင့် ပြည်သူများနှင့် ရပ်ရွာများသာမက ဝန်ဆောင်မှုပေးသူများ၊ နိုင်ငံအာဏာပိုင်များ၊ အလှူရှင်များနှင့် လုံခြုံရေးဆောင်ရွက်ပေးသူများအပါအဝင် စခန်းတည်ထောင် ဝန်ဆောင်ပေးမှုတွင် ပါဝင်သည့် အခြားသောပါဝင်ပတ်သက်သူများ အားလုံးအပေါ်တွင် တာဝန်ခံမှု၊ တာဝန် ယူမှုရှိရပါမည်။
- ၂၀၁၂ခုနှစ်တွင် အဖွဲ့အစည်းပေါင်းစုံ အမြဲတမ်းကော်မီတီ (IASC) သည် ဘေးဒဏ်ခံပြည်သူများအပေါ် တာဝန်ခံမှုဆိုင်ရာ ကတိကဝတ် ငါးခုကို ချမှတ်ခဲ့ပါသည်။ ထိုကတိကဝတ်များသည် အောက်ပါနယ်ပယ်များတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအပါအဝင် လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများအား တာဝန်ခံယူမှုရှိစေပါသည်။ တာဝန်ခံယူမှု ရှိရမည့်နယ်ပယ်များမှာ ခေါင်းဆောင်မှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၊ ပွင့်လင်းမြင်သာမှု၊ တုံ့ပြန်အကြံပြုမှု နှင့် တိုင်ကြားမှု၊ လူထုပါဝင်ဆောင်ရွက်မှုနှင့် ဒီဇိုင်းပုံစံရေးဆွဲမှု၊ လေ့လာစောင့်ကြည့်ခြင်းနှင့် ပြန်လည်အကဲဖြတ်သုံးသပ်ခြင်းတို့ ဖြစ်ပါသည်။

## မိတ်ဆက်

မြေငလျင်၊ ရေကြီးရေလျှံမှု၊ ဆူနာမီ၊ မီးတောင်ပေါက်ကွဲခြင်း၊ မိုးခေါင်းရေရှားခြင်း၊ ပြည်တွင်းစစ်၊ ဒေသတွင်း ပဋိပက္ခ သို့မဟုတ် ငြိမ်းချမ်းရေးသဘောတူညီချက်ပျက်ပြားခြင်း စသဖြင့် အကြောင်းကြောင်းကြောင့် အရေးပေါ်အခြေအနေများမှာ အချိန်မရွေးနေရာမရွေး ပေါ်ပေါက်လာနိုင်ပါသည်။ လူများအား အိမ်ခြေယာခြေမဲ့ကာ ကာကွယ်မှုနှင့်ကူညီ စောင့်ရှောက်မှုများ လိုအပ်သည့် အခြေအနေသို့ လျှင်မြန်စွာ ရောက်ရှိသွားစေနိုင်ပါသည်။ ပိုင်ဆိုင်မှုများ ဆုံးရှုံးကာ ဆိုးရွားသည့် အခြေအနေများကို တွေ့ကြုံခံစားရကာ တစ်နေရာတွင် ရုတ်တရက်ပိတ်မိနေခြင်း သို့မဟုတ် မိမိတို့၏ လုံခြုံသည့် နေအိမ်ရပ်ရွာမှ ရွှေ့ပြောင်းရခြင်းတို့ ကြုံတွေ့ရသည့်သူများအတွက် စခန်းများသည် ဆေးဝါးကုသစောင့်ရှောက်မှု၊ အစားအစာ၊ နေစရာနှင့် အခြားသော အခြေခံဝန်ဆောင်မှုများကို ရရှိနိုင်သည့် လုံခြုံသောနေရာတစ်ခုကို ပေးနိုင်ပါသည်။ စခန်းများအား ကောင်းစွာ စီမံခန့်ခွဲနိုင်ပါက ရွှေ့ပြောင်းနေထိုင်ရသူများ၏ လူ့အခွင့်အရေးများကို ယာယီကာကွယ်စောင့်ရှောက်ပေးနိုင်ပြီး ယာယီခိုလှုံစရာ နေရာဖြစ်နိုင်သော်လည်း ရေရှည်တည်တန့်သော ဖြေရှင်းမှု ပေးနိုင်သော နည်းလမ်းများ မဟုတ်ပါ။

### နောက်ဆုံးရွေးချယ်စရာ

စခန်းများသည် နောက်ဆုံးမှသာ ရွေးချယ်ရမည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ တစ်ခါတစ်ရံ သဘာဝ ဘေးအန္တရာယ် သို့မဟုတ် ပဋိပက္ခတစ်ခုကြောင့် နေအိမ်များကိုစွန့်ခွာထွက်ပြေးလာရသည့် ဘေးဒဏ်သင့်သများအတွက် ကူညီထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်မှုများကို ယာယီပံ့ပိုးပေးနိုင်ရန်အတွက် တစ်ခုတည်းသော ရွေးချယ်စရာဖြစ်ပါသည်။ စခန်းတည်ထောင်နေရာချရန် မဆုံးဖြတ်မီ အခြားသောနည်းလမ်းများအားလုံးကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

စခန်းစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်မှာ စခန်းများမှ သက်ဆိုင်ရာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများ၊ လမ်းညွှန်များ၊ စံနှုန်းများနှင့်အညီ ကူညီထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရန်ဖြစ်ပါသည်။ ထိုရည်ရွယ်ချက် ပြည့်မြောက်ရန်အတွက် စခန်းအဆင့်တွင် ပါဝင်ပတ်သက်သူများအားလုံးကြား ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုရရှိစေခြင်းသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတိုင်း၏ အဓိကကျသော လုပ်ငန်းပင်ဖြစ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုအတွက် လိုအပ်သော ကူညီထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်မှုများကို သာတူညီမျှလက်လှမ်းမီရရှိစေရန်အတွက် များပြားလှသော ပါဝင်ပတ်သက်သူများနှင့် လက်တွဲဆောင်ရွက်ရမည်ဖြစ်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍသည် စည်ပင်သာယာရေးကော်မတီတစ်ခုနှင့် အတိုင်းအတာတစ်ခုအထိ ဆင်တူနိုင်ပါသည်။ သို့သော် လုပ်ပိုင်ခွင့်အာဏာရှိမှုတွင်မူ အာဏာပိုင်များနှင့် နှိုင်းယှဉ်နိုင်မည်မဟုတ်ပါ။ စခန်းစီမံခန့်ခွဲမှုဝန်ထမ်း

များသည် ရွှေ့ပြောင်းနေထိုင်ရသူအားလုံး၏ လူ့အခွင့်အရေးများကို အခိုင်အမာ ကာကွယ်စောင့်ရှောက်ရန် လိမ္မာပါးနပ်စွာ ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ စခန်းကို တာဝန်ယူရသော အေဂျင်စီသည် စခန်းတည်ထောင်ဖန်ဆောင်မှုတွင် ပါဝင်ပတ်သက်သူများအားလုံး၏ စေ့ဆော်မှုများနှင့် စိတ်ဝင်စားအလေးထားမှုအသီးသီးကို နားလည်သဘောပေါက်မှသာ စခန်းစီမံခန့်ခွဲမှု အခြေခံသဘောထားမှာ အသက်ဝင်လာမည်ဖြစ်ပါသည်။

မိမိ၏ အချုပ်အခြာအာဏာပိုင် နယ်နိမိတ်အတွင်းရှိ လိုအပ်နေသူများအား ကာကွယ်စောင့်ရှောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးရန် အပြည့်အဝ တာဝန်ရှိသူမှာ နိုင်ငံတော်အစိုးရပင် ဖြစ်ပါသည်။ ထိုတာဝန်အား နိုင်ငံတော်အစိုးရမှ မထမ်းဆောင်နိုင်လျှင် သို့မဟုတ် မထမ်းဆောင်လိုလျှင် ကူညီပံ့ပိုးပေးရန်မှာ လူသားချင်းစာနာထောက်ထားမှုအသိုက်အဝိုင်း၏ တာဝန်ဖြစ်ပါသည်။

စခန်းစီမံခန့်ခွဲမှုအား တာဝန်ယူဆောင်ရွက်သူသည် ပြည်တွင်း သို့မဟုတ် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်စေ နိုင်ငံအာဏာပိုင်များဖြစ်စေ လူသားချင်းစာနာမှု၊ ကြားနေမှု၊ ဘက်မလိုက်မှုနှင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုဟူသည့် လူသားချင်းစာနာထောက်ထားမှု အခြေခံမှုများသည် အရေးပေါ်အခြေအနေတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းလုပ်သူများအတွက် ကျင့်ဝတ်ဆိုင်ရာ အခြေခံအုတ်မြစ်ပင် ဖြစ်ပါသည် (OCHA ၊ ၂၀၁၂ခုနှစ် ဇွန်လ)။ အခြေခံမှုလေးရပ်အား အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

| လူသားချင်းစာနာမှု | ကြားနေမှု | ဘက်မလိုက်မှု | လွတ်လပ်စွာ ဆောင်ရွက်နိုင်မှု |
|---|---|---|---|
| လူသားတို့ ဆင်းရဲဒုက္ခများ တွေ့ကြုံခံစားနေရသည်ကို တွေ့ရှိသည့်အခါတိုင်း ကူညီစောင့်ရှောက်ပေးရမည်။ လူသားချင်း စာနာထောက်ထားမှု လုပ်ငန်း၏ ရည်ရွယ်ချက်မှာ အသက်အန္တရာယ်မှ ကာကွယ်ပေးကာ ကျန်းမာစေရန်နှင့် လေးစားစွာ ဆက်ဆံခံရစေရန် ဖြစ်ပါသည်။ | လူသားချင်းစာနာမှု လုပ်ဆောင်သူများသည် ရန်လို တိုက်ခိုက်မှုများတွင် မည်သည့်ဘက်မျှ မလိုက်ရပါ။ သို့မဟုတ် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးနှင့် အတွေးအခေါ် ဆိုင်ရာ အငြင်းပွားမှုများတွင် ပါဝင်ခြင်း မရှိရပါ။ | လူသားချင်းစာနာ ထောက်ထားမှု လုပ်ငန်းများအား လိုအပ်ချက် တစ်ခုတည်းကိုသာ အခြေခံဆောင်ရွက်ရမည် ဖြစ်ပြီး အရေးတကြီး ကူညီစောင့်ရှောက်မှု ရရန် အလိုအပ်ဆုံးသူများကို ဦးစားပေးကာ နိုင်ငံသား၊ လူမျိုးစု၊ ကျား၊မ၊ ဘာသာရေး ယုံကြည်မှု၊ အဆင့်အတန်း သို့မဟုတ် နိုင်ငံရေးအမြင်များကို အခြေခံကာ ခွဲခြားဆက်ဆံမှု မပြုရပါ။ | လူသားချင်းစာနာထောက် ထားမှုများ လုပ်ဆောင်ရာတွင် လုပ်ဆောင်နေသော နယ်မြေအတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် မည်သည့်လုပ်ဆောင်သူမဆို ဆုပ်ကိုင်ထားသော ရည်ရွယ်ချက်များ၏ လွှမ်းမိုးမှုမှ ကင်းရှင်းစွာ ကိုယ်ပိုင်ရပ်တည် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ |

ထိုလူသားချင်းစာနာမှု အခြေခံစည်းမျဉ်းများကို တသွေမတိမ်းလိုက်နာခြင်းသည် လူသားချင်းစာနာစွာ တုံ့ပြန်ဆောင်ရွက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သလို စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဘေးဒဏ်သင့်ပြည်သူများ၏ ဘဝနှင့်ရပ်ရွာများအပေါ် သက်ရောက်မှုရှိနိုင်သည့် လုပ်ငန်းများတွင် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမည်ဖြစ်သည်။ တာဝန်ခံမှု၊ တာဝန်ယူမှုအား ဤအခန်းအဆုံးတွင် အသေးစိတ်ဆွေးနွေးထားပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ပုံမှန်အားဖြင့် စခန်းအခြေအနေတွင် ရွှေ့ပြောင်းနေထိုင်သူများ၏ လူသားချင်းစာနာမှု လိုအပ်ချက်များအား တုံ့ပြန်ဆောင်ရွက်ရာတွင် Sphere ၏ မဖြစ်မနေလိုက်နာရမည့် စံနှုန်းများကို အသုံးပြုပါသည်။ Sphere Projectစံနှုန်းများသည် ဘေးဒဏ်သင့်သူများတွင် ဂုဏ်သိက္ခာရှိ၍ ကူညီစောင့်ရှောက်မှု ရရှိပိုင်ခွင့်ရှိပြီး လူသားတို့၏ ဒုက္ခများအား လျော့ပါးသက်သာစေရန် တတ်နိုင်သမျှ ဆောင်ရွက်ပေးရမည်ဟူသော ယုံကြည် ချက်ပေါ်တွင် အခြေခံပါသည်(Sphere,

၂၀၁၁)။ ကူညီ ထောက်ပံ့မှု များပေးရာတွင် စခန်းစီမံခန့်ခွဲမှု အေဂျင်စီ သည် UNHCRနှင့် အရေးပေါ်အခြေအနေအတွက် ပညာ ရေးဆိုင်ရာ နိုင်ငံတကာကွန်ယက် (International Network for Education in Emergency - INEE) တို့ အသုံးပြုသော စံနှုန်းများ၊ အရေးပေါ်အခြေအနေရှိ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ လမ်းညွှန်များနှင့် စံနှုန်းများ (Livestock Emergency Guidelines and Standards - LEGS)၊ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများအတွက် ကလေးသူငယ်စောင့်ရှောက်ရေး စံနှုန်းများနှင့် အဖွဲ့အစည်း ပေါင်းစုံပါဝင်သော အမြဲတမ်းကော်မတီ (IASC) ၏ ကျား/မ လူမှုကဏ္ဍဆိုင်ရာကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှု ဆိုင်ရာ လုပ်ဆောင်ချက်များအတွက် လမ်းညွှန်များအား ရည်ညွှန်းကိုးကားမှုပြုပါသည်။




စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထု၏ ပိုင်ခွင့်များ မလွဲမသွေရရှိစေရန်အတွက် များပြားလှသော လုပ်ဆောင်သူများနှင့် မည်သို့ဆက်သွယ်ညှိနှိုင်းဆောင်ရွက် နေသည် ဆိုသည်ကို ရှင်းလင်းစွာ မြင်တွေ့နိုင်ရန် မကြာခဏအသုံးပြုသော အထောက် အကူပုံမှာ စခန်းစီမံခန့်ခွဲမှုအိမ် (Camp Management House) ဖြစ်ပါသည်။ စခန်းစီမံခန့်ခွဲမှုတွင် စခန်းတွင်းနေထိုင်သော နေရပ်စွန့်ခွာ ရွှေ့ပြောင်းလာသူများအတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဥပဒေမူဘောင်များ၊ အနိမ့်ဆုံးအနေဖြင့် သတ်မှတ်ထားသော လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ စံနှုန်းများအရ ကူညီ ထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်မှုများကို ပံ့ပိုးပေးသည့် လုပ်ငန်းများ ပါဝင်သည့်အတွက် စခန်း၏ နေ့စဉ်လုပ်ရှားမှုများတွင် ဘေးဒဏ်ခံလူထုများ ပါဝင်ဆောင်ရွက်မှုကို သေချာစေရပါသည်။ စခန်းစီမံခန့်ခွဲမှုသည် ဘက်စုံမှချဉ်းကပ်ဆောင်ရွက်ကာ ကဏ္ဍစုံ ပါဝင်သော လုပ်ဆောင်မှုဖြစ်ကြောင်း Camp Management House တွင် ထင်ရှားစွာ ပြသထားပါသည်။ စခန်းစီမံခန့်ခွဲမှုတွင် နည်းပညာပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ရည်မှန်းချက်များ ရှိပါသည်။

## အဓိက အရေးကိစ္စများ

### ရွှေ့ပြောင်းနေထိုင်ရမှုများ ဖြစ်ပေါ်ပြောင်းလဲနေပုံ

ရွှေ့ပြောင်းနေထိုင်မှုများမှာ တိုးပွားဖြစ်ပေါ်နေပြီး အခြေအနေအမျိုးမျိုးကြောင့် ပေါင်းစည်းကာ များပြားလာစေခြင်း ဖြစ်ပါသည်။ ရှုပ်ထွေးသော သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာ၍ နိုင်ငံရေး အရေးပေါ်အခြေအနေများ ပို၍ ပြင်းထန်လာကာ ကပ်ဘေးများနှင့်ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်ရသူများထဲမှ မြို့ပြပတ်ဝန်းကျင်တွင် ခိုလှုံရာရှာသော အရေအတွက်မှာ တိုးပွားလာပါသည်။ ၂၀၁၄ခုနှစ်တွင် ရရှိသော အချက်အလက်များကို အခြေခံကာ မြို့ပြနှင့် စခန်းပြင်ပ ရွှေ့ပြောင်းနေထိုင်မှုများအား သုံးသပ်လေ့လာချက်များ ပြုလုပ်ခဲ့ရာ အရေအတွက်အတိအကျကို မသိရှိရသော်လည်း စခန်း ညှိနှိုင်းဆောင်ရွက်မှုနှင့် စခန်းစီမံခန့်ခွဲမှုတို့တွင် တွေ့ရှိရသကဲ့သို့ ဒုက္ခသည်များနှင့် နိုင်ငံရေး ခိုလှုံခွင့်တောင်းခံသူများ ပါဝင်သည့် မြို့ပြရွှေ့ပြောင်း နေထိုင်သူဦးရေသည် တိုးပွားလာကြောင်း ပြသနေပါသည်။ ထိပါးစော်ကားခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် နေရပ်သို့ အတင်းအကြပ် ပြန်စေခြင်းတို့ကို ကြောက်ရွံ့သောကြောင့် မြို့ပြဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူ အများအပြားသည် မှတ်ပုံတင်စာရင်းသွင်းခြင်းနှင့် မှတ်တမ်းဝင်စေခြင်းတို့ကို မပြုလုပ်ကြပါ။ ထိရောက်သော ကာကွယ် စောင့်ရှောက်မှုများ မရှိသည့်ပြင် အန္တရာယ်ပိုမို ကျရောက်လွယ် နိုင်သော်လည်း စီးပွားရေးအခွင့်အလမ်းများနှင့် လူမှုရေးထောက်ပံ့ ဝန်ဆောင်မှုများ၏ ဆွဲဆောင်မှုကြောင့် ရွှေ့ပြောင်းနေထိုင်သူများသည် မြို့ပြဒေသများသို့ သွားရောက်လိုကြပါသည်။ အထူးသဖြင့် ရွှေ့ပြောင်းနေထိုင်ရသည့်ကာလ ရှည်ကြာလာသောအခါမျိုးတွင် ဖြစ်ပါသည်။ မြို့ပြရှိ စုစည်းနေရာများ၌ ရွှေ့ပြောင်း နေထိုင်သူများအပြင် မြို့ပြဒေသသို့ ရွှေ့ပြောင်းနေထိုင်သူ အနည်းငယ်မျှသည်သာ စခန်းအခြေပြု ကာကွယ်စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုပေးခြင်းများကို အားကိုးအားထားပြုကြပါသည်။

### ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းနေထိုင်ရမှုများ ဖြစ်ပေါ် ပြောင်းလဲနေပုံ နှင့်သက်ဆိုင်သည့် အချက်အလက်များ

အောက်တွင်ဖော်ပြထားသော သတင်းအချက်အလက်များ၏ အရင်းအမြစ်များမှာ ကမ္ဘာတစ်ဝှမ်းရှိ ရွှေ့ပြောင်းနေထိုင်မှု ပုံရိပ်အား ထင်ဟပ်ပြသနိုင်သည့် ဂက်ဘ်ဆိုက်များမှ ဖြစ်ပါသည်။

UNHCR Statistical Online Population Database နှင့် UNHCR Statistical Yearbooks များတွင် ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နေရပ်ပြန်ဒုက္ခသည်များ၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် နိုင်ငံမဲ့များဆိုင်ရာ စာရင်းအင်းအစီရင်ခံစာများကို ဖတ်ရှုနိုင်ပါသည်။ ဒုက္ခသည်များ၏ ခိုလှုံခွင့်တောင်းခံသော နိုင်ငံ၊ မူရင်း ဒေသ၊ ကျားမ၊ အသက်အရွယ်၊ တည်နေရာနှင့် တရားဝင်အဆင့်အတန်းတို့အပြင် ကမ္ဘာလုံးဆိုင်ရာ ဦးတည်ပြောင်းလဲမှုကို ပြသော အစီရင်ခံစာများအား (www.unhcr. org/pages/ 49c3646c4d6,html) တွင် ရရှိနိုင်ပါသည်။

ပြည်တွင်း ရွှေ့ပြောင်းနေထိုင်မှု စောင့်ကြည့်လေ့လာရေးဌာန (Internal Displacement Monitoring Centre - IDMC) သည် IASC ၏ ပြည်တွင်းရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ သတင်းအချက်အလက်များနှင့် လေ့လာဆန်းစစ်မှု အတွက် ရင်းမြစ်ပင် ဖြစ်ပါသည်။ IDMC ၏ တစ်နှစ်တာ အစီရင်ခံစာဖြစ်သော ကမ္ဘာလုံးဆိုင်ရာ လေ့လာသုံးသပ်ချက် - ပဋိပက္ခနှင့် အကြမ်းဖက်မှုကြောင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများသည် ယခင်နှစ်များအတွင်းက ပဋိပက္ခ ဒဏ်သင့်သော တိုင်းပြည်များတွင် ဖြစ်ပွားခဲ့သည့် ရွှေ့ပြောင်းနေထိုင်မှုများကို ဖော်ပြထားပါသည်။ ထိုအစီရင်ခံစာအား အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ပေးသော ကိန်းဂဏန်း အချက်အလက်များကို အခြေခံကာပြုစုထားခြင်းဖြစ်ပါသည်။ IDMCသည်နောက်ဆုံးရရှိသောအချက်အလက်များကိုအသစ်ဖြည့်သွင်းဖော်ပြချက်နှင့် ရွှေ့ပြောင်းနေထိုင်ရမှု နောက်ခံအခြေအနေများ၊ မောင်းနှင်အား များနှင့် ဆက်စပ်သော အစီရင်ခံစာများကိုလည်း သုံးလတစ်ကြိမ် ထုတ်ဝေပါသည် (www.internal-displacement.org)။

ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration - IOM) မှ ထုတ်ဝေသော ကမ္ဘာ့ရွှေ့ပြောင်းသွားလာမှုအစီရင်ခံစာ (The World Migration Report) တွင် ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အဓိကအချက်အလက်များနှင့် ကိန်းဂဏန်းများကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

### ရွှေ့ပြောင်းနေထိုင်မှု ကိစ္စရပ်များဆိုင်ရာ အခြားသော အရင်းအမြစ်များ

အတင်းအကြပ် ရွှေ့ပြောင်းခံရမှုဆိုင်ရာ စာအုပ်စာတမ်းများထဲမှ လူဖတ်အများဆုံးဖြစ်သည့် အတင်းအကြပ် ရွှေ့ပြောင်းခံရမှု သုံးသပ်ချက် (Forced Migration Review - FMR) အား အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်နှင့် အာရေဗျ ဘာသာများဖြင့် ရရှိနိုင်ပါသည်။ ယင်းအား အောက်စ်ဖို့ဒ်တက္ကသိုလ်၊ အောက်စ်ဖို့ဒ် နိုင်ငံတကာဖွံ့ဖြိုးမှုဌာနရှိ ဒုက္ခသည်များ လေ့လာမှုဗဟိုမှ ထုတ်ဝေခြင်းဖြစ်ပါသည်။ ထိုသုံးသပ်ချက်များတွင် ရေးသားသူများက ရွှေ့ ပြောင်းနေထိုင်ရမှု၏ အကြောင်းရင်းနှင့် သက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်း၊ မူဝါဒများနှင့် အစီအစဉ်များကို အခြေအတင် ဆွေးနွေးခြင်း၊ သုတေသန တွေ့ရှိချက်များကို မျှဝေခြင်း၊ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ ဖြစ်ရပ်မှန်များ အား ထင်ဟပ်ဖော်ပြခြင်းနှင့် မူဝါဒနှင့် လုပ်ဆောင်ချက်များအတွက် ကောင်းမွန်သော လုပ်ဆောင်မှုနည်းလမ်းများနှင့် အကြံပြုချက်များ ပေးခြင်းတို့ကို ပြုလုပ်ကြပါသည် (www.fmreview.org)။

Humanitarian Response (လူသားချင်းစာနာထောက်ထားမှုအရ တုံ့ပြန်ဆောင်ရွက်မှု) သည် လူသားချင်းစာနာထောက်ထားမှု အသိုင်းအဝိုင်းအဖို့ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များနှင့် ဆက်စပ်နေသော လုပ်ငန်းများအား ညှိနှိုင်းဆောင်ရွက်နိုင်စေသည့် နေရာတစ်ခုဖြစ်ပါသည်။ နည်းပညာဆိုင်ရာကိစ္စများအား ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်မှုရုံး (OCHA) မှ အစုအဖွဲ့၊ကဏ္ဍအလိုက် ဦးဆောင်အေဂျင်စီများနှင့် OCHA သတင်းစီမံခန့်ခွဲမှု၏ တာဝန်ဝတ္တရားများဆိုင်ရာ IASC လုပ်ငန်းလမ်းညွှန်တွင် ဖော်ပြထားသည့် တာဝန်ဝတ္တရား များနှင့်အညီ စီမံဆောင်ရွက်ပေးပါသည် (www.humanitarianresponse.info)။

## နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များ

နယ်စပ်ဖြတ်ကျော်ဒုက္ခသည်များအား ဒုက္ခသည်များ အဆင့်အတန်းဆိုင်ရာ ၁၉၅၁ ခုနှစ် သဘောတူညီချက်အရ လက်ခံအသိအမှတ်ပြု ထားပါသည်။ ဒုက္ခသည်များမှာ `လူမျိုးစု၊ ဘာသာရေး၊ နိုင်ငံသား၊ လူမှုရေးအုပ်စုတစ်ခု၏ အဖွဲ့ဝင်ဖြစ်နေခြင်းကြောင့် သို့မဟုတ် ၎င်းတို့၏ နိုင်ငံရေးအမြင်ကြောင့် ဖိစီးနှိပ်စက်ခံရမည်ကို ကြောက်ရွံ့သဖြင့် မိမိနိုင်ငံပြင်ပသို့ ရောက်ရှိကာ ထိုတိုင်းပြည်၏ ကာကွယ်စောင့်ရှောက်မှုအား မရရှိတော့သူ သို့မဟုတ် ထိုကဲ့သို့သော ကြောက်ရွံ့မှုကြောင့် ကာကွယ်စောင့်ရှောက်မှုကို ခံယူလိုခြင်းမရှိသူ သို့မဟုတ် နိုင်ငံသားဖြစ်ခွင့်မရှိဘဲ ထိုအဖြစ်အပျက်များကြောင့် မိမိတို့ မူလနေရင်းနိုင်ငံ၏ ပြင်ပသို့ ရောက်ရှိပြီး ပြန်သွားနိုင်ခြင်း သို့မဟုတ် ထိုသို့သော ကြောက်ရွံ့မှုကြောင့် ပြန်သွားလိုခြင်း မရှိသူ´ အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားပါသည် (UNHCR, 1951)။

### ဒုက္ခသည်ဆိုင်ရာ အခြေအနေများရှိ ဥပဒေရေးရာ အထောက်အကူများ

စခန်းစီမံခန့်ခွဲမှုသည် နိုင်ငံတကာအဆင့်တွင် ဒုက္ခသည်များ၏ ရပိုင်ခွင့်များကို ပြည့်စုံစွာ သတ်မှတ်ပြဌာန်းပေးထားသည့် နိုင်ငံတကာဥပဒေများဖြစ်သည့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေနှင့် လူ့အခွင့်အရေး ဥပဒေများပေါ်တွင် အခြေခံကာ ဆောင်ရွက်ပါသည်။ ထိုသဘောတူညီချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ကမ္ဘာတစ်ဝှမ်းရှိ ဒုက္ခသည်များအား ကာကွယ်စောင့်ရှောက်ရန်နှင့် ကူညီထောက်ပံ့ရန်ဟူသည့် UNHCR ၏ လုပ်ပိုင်ခွင့် တာဝန်အတွက် အခြေခံပင် ဖြစ်ပါသည်။

ဒုက္ခသည်များနှင့် ဆက်နွယ်သော ရပိုင်ခွင့်များနှင့် တာဝန်များဆိုင်ရာ သတင်းအချက်အလက်များကို ရလိုလျှင် အောက်ပါတို့တွင် ကြည့်ပါ။

- ➔ 1948 Universal Declaration of Human Rights (၁၉၄၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း)
- ➔ 1951 Convention Relating to the Status of Refugees (ဒုက္ခသည်များ အဆင့်အတန်းဆိုင်ရာ ၁၉၅၁ ခုနှစ် သဘောတူညီချက်)
- ➔ 1967 Protocol Relating to the Status of Refugees (ဒုက္ခသည်များ၏ အဆင့်အတန်းဆိုင်ရာ ၁၉၆၇ ခုနှစ် လုပ်ထုံးလုပ်နည်းများ)
- ➔ ၁၉၄၉ ခုနှစ် ဂျီနီဗာ ကွန်ဗင်းရှင်း နှင့် ၁၉၇၇ ခုနှစ် လုပ်ထုံးလုပ်နည်း နှစ်ခု

ဒေသတွင်းအဆင့် ဒုက္ခသည်များဆိုင်ရာ အထောက်အကူများမှာ -

- ➔ 1969 Organization of African Unity Convention Governing the Specific Aspects of Refugee Problems in Africa (၁၉၆၉ ခုနှစ် အာဖရိက ဒုက္ခသည်ပြဿနာများ၏ သီးခြားအပိုင်းကဏ္ဍများကို ပြဌာန်းပေးထားသော အာဖရိကန်ပေါင်းစည်းမှု အဖွဲ့အစည်း၏ သဘောတူညီချက်)
- ➔ ၁၉၈၄ ခုနှစ် ဒုက္ခသည်များဆိုင်ရာ ကာတာဂျီနာ ကြေညာစာတမ်း

အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းသည် ဒုက္ခသည်များအား လက်ခံပြီး ဒုက္ခသည်များ၏ ရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေများပေါ်တွင် မူတည်ကာ ခိုလှုံခွင့်ပေးရန် တာဝန်ရှိပါသည်။ နိုင်ငံများသည် မိမိတို့၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် သတ်မှတ်ပြဌာန်းထားသော ဥပဒေများနှင့်အညီ တာဝန်အမျိုးမျိုး ရှိကြပါသည်။ ဒုက္ခသည်စခန်းများတွင် နိုင်ငံတကာ လုပ်ပိုင်ခွင့်တာဝန်များနှင့်အညီ စခန်းစီမံခန့်ခွဲမှုအေဂျင်စီမှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည့် ဦးဆောင် အေဂျင်စီသည် UNHCR ဖြစ်ပါသည်။ UNHCR ၏ အခန်းကဏ္ဍမှာ သက်ဆိုင်ရာ အစိုးရမှ တာဝန်ယူရမည့် ကိစ္စရပ် များနှင့် ပတ်သက်၍ ၎င်းတို့နှင့် နီးကပ်စွာ ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

## ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူများ (Internally Displaced Persons- IDPs)

ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများသည် "လက်နက်ကိုင် ပဋိပက္ခများ၊ နေရာအနှံ့ ဖြစ်ပွားသော အကြမ်း ဖက်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ သို့မဟုတ် သဘာဝ သို့မဟုတ် လူတို့ဖန်တီးသော ကပ်ဘေးအန္တရာယ် များကြောင့် သို့မဟုတ် ယင်းတို့၏ သက်ရောက်မှုများကို ရှောင်ရှားရန်အတွက် နေအိမ်များမှ သို့မဟုတ် နေရင်း နေရာ များမှ ထွက်ပြေးခဲ့ရာတွင် နိုင်ငံ၏ သတ်မှတ်ထားသော နယ်နိမိတ်အား ဖြတ်ကျော်ခဲ့ခြင်း မရှိသူများ" ဖြစ်ပါသည် (OCHA, ၂၀၀၄)။ နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များနှင့် မတူသည့်အချက်မှာ ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်း နေထိုင်သူ တစ်ဦးသည် နိုင်ငံတကာနယ်နိမိတ်မျဉ်းတစ်ခု အား ဖြတ်ကျော်ခဲ့ခြင်းမရှိသည့်အတွက် နိုင်ငံတကာ အထူး ဥပဒေများနှင့် သက်ဆိုင်ခြင်း သို့မဟုတ် ကာကွယ်စောင့်ရှောက်ခံရခြင်း မရှိပါ။ ၄င်းတို့သည် ကာကွယ်စောင့်ရှောက်မှု ရရှိရန်အတွက် ၄င်းတို့နိုင်ငံ၏ အမျိုးသားအဆင့်ဥပဒေမူဘောင်များနှင့် နိုင်ငံတော်အစိုးရကိုသာ မှီခိုအားထား ကြရပါ သည်။

ပြည်တွင်း နေရပ်စွန့်ခွာနေထိုင်ရသူများသည် မိမိတို့တိုင်းပြည်၏ နိုင်ငံသားအဖြစ် တရားဝင်အပြည့်အဝ ရပ်တည်နိုင်သူများ ဖြစ်သည်နှင့် အညီ လူ့အခွင့်အရေးဥပဒေနှင့် ယင်းနှင့် ဆက်စပ်နေသော အထောက်အကူ စည်းမျဉ်းများမှ ကာကွယ်စောင့်ရှောက် ပေးထားပြီး စံအဖြစ် သတ်မှတ်ထားသော ရပိုင်ခွင့်များအားလုံးကို ခံစားခွင့်ရှိပါသည်။ လူ့အခွင့် အရေးများ ဆိုသည်မှာ လူသားတိုင်း ခံစားခွင့်ရှိသော လွတ်လပ်မှုနှင့် ရပိုင်ခွင့်များ ဖြစ်ပါသည်။ ၄င်းတို့သည် မိမိတို့ တိုင်းပြည်ရှိ အခြားသော နိုင်ငံသားများနည်းတူ နိုင်ငံတကာဥပဒေများ (လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ လူသား ချင်း စာနာထောက်ထားမှုဥပဒေ) နှင့် နိုင်ငံဥပဒေများ (ထုံးတမ်းစဉ်လာဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ) အရ တူညီသော လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ခံစားပိုင်ခွင့် ရှိပါသည်။ လူ့အခွင့်အရေးများ၏ အခြေခံ အစိတ် အပိုင်းဖြစ်သော မိမိကိုယ်တိုင် ဆက်ဆံမခံလိုသော ပုံစံဖြင့် အခြားသူများကို ဆက်ဆံရန် မသင့်ဟူသည့် စည်းမျဉ်း သည် ကမ္ဘာတစ်ဝှမ်းရှိ ဘာသာတရားတိုင်း၊ ယဉ်ကျေးမှုတိုင်း၊ ဓလေ့ထုံးစံတိုင်းတွင် တွေ့ရှိနိုင်ပါသည်။ နိုင်ငံတကာ ဥပဒေများမှ ထိုရပိုင်ခွင့်များကို အာမခံပေးထားပြီး လူအားလုံး၏ လူ့အခွင့်အရေးများအား နေရပ်စွန့်ခွာကာ ရွှေ့ပြောင်း လာသည် သို့မဟုတ် ရွှေ့ပြောင်းနေထိုင်နေသည်ဟူသော အကြောင်းကြောင့် ခွဲခြားဆက်ဆံခြင်းအပါအဝင် မည်သည့် ခွဲခြားဆက်ဆံမှုမျိုးမှ မရှိဘဲ အချုပ်အခြာအာဏာပိုင်နိုင်ငံများမှ လေးစားကာကွယ်ဖြည့်ဆည်းပေးရန်သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ IASCမှရှင်းလင်းစွာပြဋ္ဌာန်းထားသောအခြေခံမူများမှာ-သဘာဝ ဘေးအန္တရာယ် ဒဏ်ခံရ သောသူများသည် တိုင်းပြည်တွင်းရှိ အခြားသူများအားလုံးနှင့် တန်းတူ လူ့အခွင့်အရေးဥပဒေအောက်တွင် တူညီသော ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များအား ရရှိခံစားနိုင်ရမည်ဖြစ်ပြီး ခွဲခြားဆက်ဆံခြင်းမပြုရ ဟူ၍ ဖြစ်ပါသည်။ ဘေးဒဏ်ခံ လူထုတွင်းရှိ မတူညီသောအုပ်စုအသီးသီး၏ ကူညီထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်မှု လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ၄င်းတို့၏ ကွဲပြားခြားနားသော လိုအပ်ချက်အမျိုးမျိုးကို အခြေခံကာ ဆောင်ရွက် ပေးမည်ဆိုလျှင် ခွဲခြားဆက်ဆံမှုများ ပေါ်ပေါက်လာမည် မဟုတ်ပါ။

(IASC, လူ့အခွင့်အရေးများနှင့် သဘာဝဘေးအန္တရာယ်များဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ သဘာဝဘေးဒဏ်သင့်သူ များအား ကာကွယ်စောင့်ရှောက်ခြင်း၊ ၂၀၀၆)

ရွှေ့ပြောင်းနေထိုင်ရသည့် အကြောင်းရင်းတွင် နိုင်ငံတော်အစိုးရမှ ပါဝင်ပတ်သက်နေမည်ဆိုပါက ရွှေ့ပြောင်းနေထိုင်ရ သူများသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေ မူဘောင်မှတစ်ဆင့် ကာကွယ်စောင့်ရှောက်မှုကို ရယူရပါမည်။

### ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ (IDP) များ၏ ရပိုင်ခွင့်များ

ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများနှင့် ဆက်နွယ်သော နိုင်ငံတကာ သဘောတူညီချက် ဟူ၍ သီးခြားမရှိသလို IDP များသည် နိုင်ငံတကာတွင် လုပ်ပိုင်ခွင့် တာဝန်အပ်နှင်းထားသည့် အေဂျင်စီတစ်ခု၏ ကူညီ ပံ့ပိုးမှုကိုလည်း မရရှိပါ။ သို့သော် IDP ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုအတွက် နိုင်ငံအာဏာပိုင်များ အပါအဝင် ပါဝင် ပတ်သက်သူများအား လမ်းညွှန်မှု ပေးရန်အတွက် ၁၉၉၈ ခုနှစ် ပြည်တွင်းရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ လမ်းညွှန် မူဝါဒများအား ချမှတ်ပေးခဲ့ပါသည်။ ထိုမူဝါဒများသည် IDP များအား ကာကွယ်စောင့်ရှောက်မှုနှင့် စပ်လျဉ်းသည့် ရပိုင်ခွင့်များ၊ အာမခံချက်များ နှင့် စံနှုန်းများအား သတ်မှတ်ဖော်ထုတ်ရန်အတွက် မူဘောင်တစ်ခုအား ရရှိစေပါသည်။ ထိုမူဝါဒများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေများနှင့် အညီ ချမှတ် ထားခြင်းဖြစ်ပြီး ဒုက္ခသည်ဥပဒေနှင့်လည်း နှိုင်းယှဉ်စဉ်းစားထားပါသည်။

အစိုးရများအား IDP များကို ဥပဒေအရ ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ခံမှုရှိစေသည့် ဒေသတွင်း လုပ်ရှားမှု နှစ်ခုမှာ -

- ၂၀၁၂ခုနှစ်တွင် စတင်အသက်ဝင်လာသည့် အာဖရိကမှ IDP များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းအတွက် အာဖရိကန် ပေါင်းစည်း အဖွဲ့ သဘောတူညီချက်၊ ကန်ပါလာ သဘောတူညီချက်ဟုလည်း လူသိများသည်။
- ၂၀၀၈ခုနှစ်တွင် စတင်အသက်ဝင်လာသည့် ဂရိတ်လိတ်ခ် ဒေသတွင်းရှိ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်သော IDP များအတွက် ကာကွယ်စောင့်ရှောက် မှုနှင့် ကူညီထောက်ပံ့မှု လုပ်ထုံးလုပ်နည်းများ

## ယာယီအခြေချနေထိုင်ရာ နေရာအမျိုးအစားများ

IDP များနှင့် ဒုက္ခသည်များအနေဖြင့် ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုများကို ယာယီရယူနိုင်သည့် စခန်းနေရာ အမျိုးအစားများမှ ပုံစံအမျိုးမျိုး ရှိနိုင်ပါသည်။ အရေးပေါ်အခြေအနေအမျိုးအစား၊ ဖြစ်ပွားသည့်နေရာ အနေအထားနှင့် ပါဝင်ပတ်သက် နေသော ပြင်ပအင်အားများအပေါ် မူတည်ကာ အစီအစဉ်တကျရှိသော သို့မဟုတ် ချက်ချင်းပေါ်ပေါက်လာသော၊ အုပ်စုလိုက် သို့မဟုတ် ကွဲပြန့်နေသည့် ပုံစံများ ရှိနိုင်ပါသည်။ အချို့သော ရွှေ့ပြောင်း နေထိုင်မှုအခြေအနေများတွင် စခန်းစီမံခန့်ခွဲ မှုအေဂျင်စီအနေဖြင့် ရွှေ့လျားအဖွဲ့များ ဖွဲ့စည်းကာ ဆောင်ရွက်ရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ သို့သော် စခန်းစီမံခန့်ခွဲမှုကို အများအားဖြင့် လူအများစုဝေးနေသည့် ရွှေ့ပြောင်းနေထိုင်မှုအနေအထားများတွင် ဆောင်ရွက်ပြီး ထိုအထဲတွင် စခန်းများ၊ စုစည်းနေရာများ၊ ယာယီ စခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

| ယာယီအခြေချ နေထိုင်ရာ နေရာအမျိုးအစားများ | ဝိသေသလက္ခဏာများ |
|---|---|
| စနစ်တကျ တည်ထောင်ထားသော စခန်းများ | စနစ်တကျ တည်ထောင်ထားသော စခန်းများသည် မြို့ပြသို့မဟုတ် ကျေးလက်တွင်တည်ရှိနိုင်ပါသည်။ ၎င်းတို့သည် ရွှေ့ပြောင်းနေထိုင်သူများအနေဖြင့် နေထိုင်ရန် ရည်ရွယ်ဆောက်လုပ်ပေးထားသော နေရာထိုင်ခင်းများကို ရရှိနိုင်ပြီး ရေပေးဝေမှု၊ အစားအစာဝေငှမှု၊ လူသုံးပစ္စည်းများ ဝေငှမှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် ဝန်ဆောင်မှုများကို အပြည့်အဝ ပံ့ပိုးပေးပါသည်။ ထိုစခန်းနေရာအား ထိုစခန်းတွင် နေထိုင်သူများ အတွက်သာ သီးသန့် သုံးစွဲခြင်းဖြစ်ပါသည်။ |
| ရွှေ့ပြောင်းနေထိုင်သူများ ကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ | ရွှေ့ပြောင်းနေထိုင်သော လူအုပ်စု၊ အထူးသဖြင့် မိသားစု အုပ်စုငယ်လေးများသည် ၎င်းတို့ဖာသာ မြို့ပြ သို့မဟုတ် ကျေးလက်ဒေသများတွင် အခြေချနေထိုင်နိုင်ပါသည်။ ထိုသို့သော စခန်းများသည် များသောအားဖြင့် ကူညီထောက်ပံ့မှုများ မရရှိဘဲ လူသားချင်း စာနာမှုလုပ်ငန်းများလည်း မရှိတတ်ပါ။ မိမိတို့ဖာသာ အခြေချနေထိုင်သော စခန်းများသည် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် သို့မဟုတ် ဘုံဆိုင် မြေနေရာများပေါ်တွင် တည်ရှိ လေ့ရှိပြီး ထိုမြေနေရာကို အသုံးချရန်အတွက် ဒေသခံများ သို့မဟုတ် ပိုင်ရှင်များနှင့် ဆွေးနွေးညှိနှိုင်းမှု အနည်းငယ်ပြုပြီးနောက် သို့မဟုတ် ဆွေးနွေးညှိနှိုင်းမှု မပြုဘဲ အသုံးပြုခြင်းဖြစ်ပါသည်။ တစ်ခါတစ်ရံ စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ခုသည် အနီးအနား တွင် လုပ်ငန်းဆောင်ရွက်နေပြီး ၎င်းတို့၏ အကြောင်းကို ကြားသိကာ ကူညီထောက်ပံ့မှု များ ရရှိစေရန်အတွက် အေဂျင်စီ၏ စီမံခန့်ခွဲမှုအောက်သို့ ဆွဲသွင်းယူရန် ကြိုးပမ်းနိုင်ပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ထိုရွှေ့ပြောင်း နေထိုင်သူအုပ်စုမှ ဖွဲ့စည်းထားပြီးဖြစ်သည့် ခေါင်းဆောင်မှုပိုင်းနှင့် လက်တွဲနိုင်ခြေ အများဆုံး ဖြစ်ပါသည်။ |

| | |
|---|---|
| စုစည်းနေထိုင်ရာနေရာများ | မူလ ရှိနှင့်ပြီးသား (များသောအားဖြင့် နေထိုင်ရန် ဆောက်လုပ်ထားခြင်း မဟုတ်သည့်) ပြည်သူပိုင်အဆောက်အဦးများနှင့် ရပ်ရွာအတွင်းမှ အဆောက်အဦးနေရာများ၊ ဥပမာ ကျောင်းများ၊ စက်ရုံများ၊ တန်းလျားများ၊ လူထုစုဝေးရာနေရာများ၊ မြို့တော်ခန်းမ၊ အားကစားခန်းမ၊ ဟော်တယ်များ၊ ဂိုဒေါင်များ၊ စက်ရုံဟောင်းများနှင့် မပြီးစီးသေးသော အဆောက်အဦများတွင် ရွှေ့ပြောင်းနေထိုင်သူများမှ နေရာထိုင်ခင်း ရရှိအောင် ရှာဖွေထားသော နေရာများ ဖြစ်ပါသည်။ ရွှေ့ပြောင်းနေထိုင်မှုသည် မြို့ပြတွင် ဖြစ်ပွားလျှင် သို့မဟုတ် မြို့တစ်မြို့အတွင်းသို့ ရွှေ့ပြောင်း လာသူများ သိသာစွာ များပြားနေလျှင် ထိုနေရာများကို အသုံးပြုလေ့ရှိပါသည်။ စခန်းတစ်ခုကဲ့သို့ပင် စုစည်းနေရာများသည် ယာယီ သို့မဟုတ် အကူးအပြောင်းကာလအတွက် ခေတ္တနေထိုင်ရန် ရည်ရွယ်သော နေရာများ ဖြစ်ပါသည်။ ကူညီထောက်ပံ့မှုအဆင့်အနေဖြင့် အပြည့်အဝ ကူညီ ထောက်ပံ့မှုမှ ကိုယ့်ထူကိုယ်ထ အထိ အဆင့်အမျိုးမျိုးရှိနိုင်ပြီး ဤနေရာတွင် စခန်း စီမံခန့်ခွဲမှု အနေဖြင့် ဝန်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်ပေးမှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ |
| ယာယီစခန်းများ | ယာယီစခန်းများသည် အရေးပေါ်အခြေအနေတစ်ခု၏ အစတွင် သင့်တော်လုံခြုံသော အခြေချ နေထိုင်စရာ စခန်းတစ်ခုသို့ မရွှေ့ပြောင်းမီ ယာယီစခန်းတစ်ခု အနေဖြင့် လည်းကောင်း၊ သို့မဟုတ် အစီအစဉ်တစ်ခု ပြီးဆုံးချိန်တွင် နေရပ်ပြန်ရန်အတွက် ကြားမှတ်တစ်ခုအနေဖြင့်လည်းကောင်း လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ ထို့ကြောင့် ယာယီစခန်းများသည် ကြားခံနေရာတစ်ခု သို့မဟုတ် ခေတ္တနေရာချထားရာ နေရာ တစ်ခုဖြစ်သလို နေရပ်ပြန်လာသူများကို လက်ခံသည့်နေရာလည်း ဖြစ်နိုင်ပါသည်။ |
| ကယ်ဆယ်ရေးစခန်းများ | တိုက်ခိုက်မှုကဲ့သို့သော ရုတ်တရက်ဖြစ်ပေါ်လာသော အန္တရာယ်တစ်ခု သို့မဟုတ် ဆိုင်ကလုန်း သို့မဟုတ် ငလျင်လှုပ်ခြင်းကဲ့သို့သော သဘာဝကပ်ဘေး တစ်ခုကြောင့် ထွက်ပြေးလာသူများကို သင့်တော်သော ယာယီအမိုးအကာများပေးရန်အတွက် ကယ်ဆယ်ရေးစခန်းများကို တည် ထောင်လေ့ရှိပါသည်။ ထိုရည်ရွယ်ချက်အတွက် ကျောင်းများ၊ အားကစားကွင်းများနှင့် ဘာသာရေး သို့မဟုတ် စည်ပင်သာယာ အဆောက်အဦးများကို အသုံးပြုလေ့ရှိပါသည်။ ကယ်ဆယ်ရေးစခန်းများအား ဖြစ်နိုင်လျှင် ကပ်ဘေးအန္တရာယ်များ မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်စီ စဉ်ထားသင့်ပါသည်။ |

စနစ်တကျ အစီအစဉ်ရေးဆွဲကာ တည်ထောင်ထားသော စခန်းများတွင် ပေးအပ်လျှက်ရှိသော ဝန်ဆောင်မှုများ၊ ကူညီ ထောက်ပံ့မှုများနှင့် လုံခြုံမှုတို့သည် ရွှေ့ပြောင်းနေထိုင်သူများကို ဆွဲဆောင်ခေါ်ယူနိုင်သော အချက်များ ဖြစ်သော်လည်း ရွှေ့ပြောင်းနေထိုင်သူများသည် စခန်းများကို ပထမဆုံးအခြေချစရာနေရာအဖြစ် အစဉ်အမြဲ ရွေးချယ်လေ့မရှိပါ။ ရွှေ့ပြောင်းနေထိုင်သူများတွင် မိတ်ဆွေများ သို့မဟုတ် ဆွေမျိုးများ၊ လူမှုရေး၊ လူမျိုးစု သို့မဟုတ် ဘာသာရေးဆိုင်ရာ ဆက်နွယ်ပတ်သက်မှုများ ရှိသောအခါ များသောအားဖြင့် ၎င်းတို့အား လက်ခံသော မိသားစုတစ်စုနှင့်အတူ နေထိုင်လေ့ရှိကြပါသည်။ နေရပ်စွန့်ခွာလာခဲ့ပြီးနောက် လက်ခံနေရာပေးသော မိသားစုတစ်စုထံတွင် နေထိုင်စရာ ရှာဖွေရယူမှုသည် ရေတိုသို့မဟုတ် ရေရှည်ဖြစ်နိုင်ပြီး လူသားချင်းစာနာ ထောက်ထားမှုအကူအညီများကိုလည်း အများအပြား ရရှိနိုင်သလို လုံးဝ မရရှိခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့သော် ရွှေ့ပြောင်းနေထိုင်မှုသည် ကာလကြာမြင့် လာသည်နှင့်အမျှ လက်ခံနေရာပေးသော မိသားစုနှင့် ရပ်ရွာအတွင်းရှိ အရင်းအမြစ်များသည် ကုန်ခမ်းလာပြီး ၎င်းတို့အား ဝန်ပိလာစေပါသည်။

စခန်းတစ်ခုအတွင်း နေထိုင်သူများသည် ဘေးပတ်ဝန်းကျင် နေရာဒေသများနှင့် တစ်သီးတစ်ခြား တည်ရှိနေသည်ဟု များသောအားဖြင့် ယူဆတတ်ကြပါသည်။ လက်တွေ့တွင် စခန်းတစ်ခု၏ နယ်နိမိတ်များသည် ထင်သလောက် တည်တံ့ခိုင်မြဲသော အကန့်အသတ်များ မဟုတ်ကြဘဲ စခန်းတွင်း အဝင်အထွက်များမှာ အလွန် လွယ်ကူစွာ ပြောင်းလဲ ဖြစ်ပေါ်နေပါသည်။ မကြာခဏဆိုသလို စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းပြင်ပမှ လူအုပ်စုများကို ကူညီပံ့ပိုးပေးရန် လိုအပ်သည့်အခြေအနေနှင့် ကြုံတွေ့ကြရပါသည်။ ဥပမာ အနီးဝန်းကျင် ရပ်ရွာအတွင်း IDP များ နေထိုင်နေသဖြင့် ၎င်းတို့အား

စခန်းဖွဲ့စည်းပုံအတွင်းမှ ကူညီထောက်ပံ့ပေးရခြင်းမျိုး ဖြစ်ပါသည်။ တစ်ခါတစ်ရံ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ရပ်ရွာအဆင့်ရှိ နေရပ်ပြန်မှုများနှင့် ပြန်လည်ပေါင်းစည်းနေထိုင်ပေးမှု လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရသဖြင့် IDP များ နေရပ်ပြန်ရန် ပြင်ဆင်ရာတွင် ကူညီပံ့ပိုးမှုများပေးခြင်း သို့မဟုတ် IDP များ ထွက်ခွာသွားပြီးနောက် ပြန်လည်ပေါင်းစည်းဝင်ရောက်မှုကို ဆက်လက်လေ့လာဆန်းစစ်ခြင်းတို့အား ဆောင်ရွက်ရပါသည်။

ထိုအကြောင်းများကြောင့် CCCM အစုအဖွဲ့သည် စခန်းစီမံခန့်ခွဲမှုနည်းလမ်းများနှင့် နည်းစနစ်များအား စခန်းပြင်ပ အခြေအနေများတွင် လိုက်လျောညီထွေ ပြောင်းလဲအသုံးပြုနိုင်မည့် နည်းလမ်းများကို ရှာဖွေထားပါသည်။ ဆန်းစစ်လေ့လာမှုရလဒ်များအား ၂၀၁၃-၂၀၁၄ခုနှစ်တွင် ကျင်းပမည့် ရရှိပြီးအချက်အလက်များအပေါ် သုံးသပ်လေ့လာချက်တွင် ထည့်သွင်းတင်ပြခဲ့ပါသည်။

### စခန်းပြင်ပ ရွှေ့ပြောင်းနေထိုင်မှု၏ ပြောင်းလဲဖြစ်ပေါ်နေမှုများ

လက်ရှိတွင် နေရပ်စွန့်ခွာနေထိုင်ရသူများ၏ ရှစ်ဆယ်ရာခိုင်နှုန်းသည် စခန်းပြင်ပတွင် နေထိုင်လျက်ရှိရာ တစ်သီးတစ်ခြား ဖြစ်နေသော ကျေးလက်ဒေသများ၌၄င်း၊ ဒေသခံမိသားစုများနှင့် အတူတကွသော်၄င်း၊ ထောက်ပံ့ထားသော သို့မဟုတ် ငှားရမ်းထားသော အိမ်ရာများ၌၄င်း၊ မြို့ပြပတ်ဝန်းကျင်တွင် ကျဲပြန့်လျက်၄င်း၊ ရွှေ့ပြောင်းရောက်ရှိ လာသူများ၊ ဒေသခံ ဆင်းရဲနွမ်းပါးသူများနှင့် ရောနှောလျက်၄င်း၊ အိမ်ထောင်စု သုံးစုမှ ငါးစု စုဝေးအခြေချရာ နေရာများတွင်၄င်း နေထိုင်နေကြပါသည် (မြို့ပြရွှေ့ပြောင်းနေထိုင်မှုနှင့် စခန်းပြင်ပ လေ့လာသုံးသပ်ချက်၊ ၂၀၁၄)

တစ်ကမ္ဘာလုံးရှိ ဒုက္ခသည်များ၏ ထက်ဝက်ကျော် (၅၄ ရာခိုင်နှုန်း) သည် အခြားသူများ၏ အိမ်ရာများတွင် အတူတကွ သွားရောက်နေထိုင်နေကြပြီး ၃၅ ရာခိုင်နှုန်းသည် စနစ်တကျ အစီအစဉ်ရေးဆွဲထားသော/ စီမံခန့်ခွဲပေးသော စခန်းများတွင် နေထိုင်ကြကာ ၆.၅ ရာခိုင်နှုန်းသည် ၎င်းတို့ဖာသာ အခြေချသော စခန်းများနှင့် လေး ရာခိုင်နှုန်းသည် စုစည်းနေထိုင်ရာနေရာများတွင် နေထိုင်ကြပါသည်။ (UNHCR ၊ ၂၀၁၃ခုနှစ် ဇွန်လ နှင့် UNHCR Statistical Yearbook ၊ ၂၀၁၂)

ရွှေ့ပြောင်းနေထိုင်ရသူများအနေဖြင့် စခန်းပြင်ပတွင် နေထိုင်ရန် ဆုံးဖြတ်ရခြင်း၏ အကြောင်းရင်းအချို့ ရှိပါသည်။ ၎င်းတို့မှာ စခန်းများတွင် နေရာမရခြင်း၊ လုံခြုံမှုမရှိခြင်း သို့မဟုတ် ခရီးအကွာအဝေးကြောင့် စခန်းများသို့ မလာရောက်နိုင်ခြင်းတို့ဖြစ်ပါသည်။ ရွှေ့ပြောင်းနေထိုင်သူများသည် စခန်းပြင်ပတွင် နေထိုင်ခြင်းဖြင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာအရ ပိုမိုလုံခြုံသည်ဟု ခံစားရနိုင်သလို စခန်းများတွင် နေထိုင်ခြင်းသည် ယဉ်ကျေးမှုအရ လက်ခံနိုင်ဖွယ်မရှိခြင်းများလည်း ဖြစ်နိုင်ပါသည်။

## စခန်းတွင်း ဘဝစက်ဝန်း

စခန်းတွင်း ဘဝစက်ဝန်းအား အောက်ပါအတိုင်း ဖော်ပြနိုင်ပါသည်။




ဤပုံတွင် စခန်းတွင်းနေထိုင်မှု ဘဝစက်ဝန်း၏ အဆင့်သုံးဆင့်ဖြစ်သော စခန်းတည်ထောင်ခြင်း၊ တိုးတက်စေခြင်း၊ စခန်းစောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် စခန်းပိတ်သိမ်းခြင်းတို့ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုအဆင့်သုံးဆင့်သည် တစ်ခုပြီးတစ်ခုဖြစ်ပေါ်ပြီး အဆင့်တစ်ခုနှင့်တစ်ခုကြား ထပ်နေသော အချိန်ကာလများ ရှိပါသည်။ ထပ်နေသော ထိုမီးခိုးရောင်ဇုန်များသည် စခန်းတစ်ခုအတွင်း အဆင့်နှစ်ဆင့်ကို တစ်ပြိုင်နက်တည်း ကြုံတွေ့နေရသည့် အခြေ အနေများကို ကိုယ်စားပြုပါသည်။

ဥပမာတစ်ဖက်တွင်စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည်အသစ်ရောက်ရှိလာသူများအတွက်ဝန်ဆောင်မှုများစတင်ရန်လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် နေထိုင်စရာ၊ အစားအစာ၊ လူသုံးပစ္စည်းများ ကူညီထောက်ပံ့မှုနှင့် ရေပေးဝေမှုကဲ့သို့ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ (စခန်းတည်ထောင်မှု အဆင့်) ကို ဆောင်ရွက်နေသည့် တစ်ပြိုင်နက်တည်းတွင် အခြားတစ်ဖက်၌လည်း

စခန်းတွင်း နေထိုင်လျက်ရှိသော ရွှေ့ပြောင်းနေထိုင်သူများအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ၏ လစ်ဟာချက်များနှင့် မလိုအပ်ဘဲထပ်နေသည့် နေရာများကို စောင့်ကြည့်စစ်ဆေးပေး (စောင့်ရှောက်ထိန်းသိမ်းမှုအဆင့်) နေရမည်ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်း ကဏ္ဍသည် စခန်းတွင်းနေထိုင်မှု ဘဝစက်ဝန်းတွင် ရောက်ရှိနေသည့် အဆင့်ပေါ်မူတည်ကာ အမျိုးမျိုးကွဲပြားသွားပါသည်။

## ရေရှည်တည်တန့်သော ဖြေရှင်းမှုများ

စခန်းတစ်ခုတွင် နေထိုင်ခြင်းအား ရေရှည်တည်တန့်သော ဖြေရှင်းပေးနိုင်သော နည်းလမ်းတစ်ခုအဖြစ် မည်သည့်အခါ မျှ မမှတ်ယူသင့်ပါ။ ရွှေ့ပြောင်းနေထိုင်ရသည့် အခြေအနေတစ်ခုအတွက် ယာယီတုံ့ပြန်မှု နည်းလမ်းတစ်ရပ်သာ ဖြစ်ပါသည်။ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအတွက် ရေရှည်ဖြေရှင်းနိုင်သော နည်းလမ်းကို ဖော်ဆောင်နိုင်ခြင်းသည် ရွှေ့ပြောင်းနေထိုင်ရမှုကို အဆုံးသပ်ရန်အတွက် အဓိကကျသောအချက်ဖြစ်ပြီး စခန်း အစီအစဉ် စတင်စဉ်ကတည်းက ထည့်သွင်းစဉ်းစားထားရမည် ဖြစ်ပါသည်။ ရေရှည်တည်တန့်သော ဖြေရှင်းရန် နည်းလမ်းသုံးမျိုးရှိပါသည်။ နေရပ်ပြန်ခြင်း၊ စခန်းရှိရာဒေသတွင် ပေါင်းစည်းနေထိုင်ခြင်း သို့မဟုတ် ပြန်လည် နေရာ ချထားပေးခြင်းတို့ ဖြစ်ပါသည် (Brookings, ၂၀၀၇)။

| ရေရှည်တည်တန့်သော ဖြေရှင်းမှုများ | |
|---|---|
| နယ်စပ်ဖြတ်ကျော် ဒုက္ခသည်များ | ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ |
| မူလတိုင်းပြည်သို့ ပြန်ခြင်း | မူလနေရပ်သို့ပြန်လည်ပေါင်းစည်းဝင်ရောက်ခြင်း (နေရပ်ပြန်ခြင်း) |
| ခိုလှုံသည့်တိုင်းပြည်တွင် ပေါင်းစည်းနေထိုင်ခြင်း | ရွှေ့ပြောင်းနေထိုင်သည့် နေရာဒေသတွင် ပေါင်းစည်း နေထိုင်ခြင်း |
| တတိယ တိုင်းပြည်တစ်ပြည်တွင် ပြန်လည် နေရာချ ထားခြင်း | တိုင်းပြည်၏ အခြားနေရာတစ်နေရာတွင် ပေါင်းစည်း နေထိုင်ခြင်း (နေရာသစ်တွင် အခြေချနေထိုင်ခြင်း) |

ပင်ဟယ်ရိုစည်းမျဉ်း (The Pinheiro Principles) သည် နေရပ်ပြန်မည့်ဒုက္ခသည်များနှင့် ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများ၏ ရပိုင်ခွင့်များနှင့်ဆက်နွယ်သော နိုင်ငံတကာစံနှုန်းများကို သတ်မှတ်ပေးထားပါသည်။ စည်းမျဉ်း ၁၀ တွင် `ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအားလုံး၏ မူလနေအိမ်၊ မြေယာများ သို့မဟုတ် နေထိုင် ခဲ့သော နေရာများသို့ မိမိတို့သဘောဆန္ဒအလျောက် ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိစွာ ပြန်နိုင်သည့် အခွင့်အရေး´ကို ဖော်ပြထားပါသည် (Centre of Housing Rights and Evictions, ၂၀၀၅)။ ပြည်တွင်း ရွှေ့ပြောင်းနေထိုင်မှု များဆိုင်ရာ လမ်းညွှန်စည်းမျဉ်းများတွင် နေရပ်ပြန်ခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပေါင်းစည်းနေထိုင်ခြင်း ဆိုင်ရာ IDP များ၏ ရပိုင်ခွင့်များကို ဖော်ပြထားပါသည် (IASC ၂၀၀၄)။
လူတစ်ဦးသည် ရေရှည်တည်တန့်သောဖြေရှင်းရန် နည်းလမ်းသုံးခုအနက်မှ တစ်ခုဖြင့် နိုင်ငံသားတစ်ဦးအဖြစ် နိုင်ငံ တော်၏ ကာကွယ်စောင့်ရှောက်မှုအောက်သို့ ပြန်လည်ရောက်ရှိသွားပါက ဒုက္ခသည်တစ်ဦးအဖြစ် ဆက်လက် သတ်မှတ်တော့မည် မဟုတ်ပါ။ IDP တစ်ဦးအဖြစ်မှ ရပ်စဲသွားစေမည့် အခြေအနေအတွက်ကိုမူ ဥပဒေအရ အများ သဘောတူ သတ်မှတ်ထားချက် မရှိပါ။ အဘယ်ကြောင့်ဆိုသော် IDP တစ်ဦးအား နိုင်ငံတကာ ဥပဒေအောက်တွင် အထူးအဆင့်အတန်းတစ်ခု သတ်မှတ်ပေးထားခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ သို့သော် လူတစ်ဦးသည် ၎င်းတို့၏ ရွှေ့ပြောင်းနေထိုင်ရမှုနှင့် တိုက်ရိုက်ဆက်နွယ်၍ ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုဆိုင်ရာ လိုအပ်ချက် များ မရှိတော့ပါက ရွှေ့ပြောင်းနေထိုင်နေရသူအဖြစ် မသတ်မှတ်တော့ပါ။

### ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရသူများအတွက် ရေရှည်ဖြေရှင်းနိုင်သည့် နည်းလမ်းများဆိုင်ရာ IASC မူဘောင်

"IDP များသည် ၎င်းတို့၏ ရွှေ့ပြောင်းနေထိုင်ရမှုနှင့်စပ်လျဉ်း၍ ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုဆိုင်ရာ သီးခြားလိုအပ်ချက်များမရှိတော့ပါက ရေရှည်တည်တန့်သော ဖြေရှင်းရန်နည်းလမ်းကို ရရှိပြီဖြစ်ပြီး ထိုသူများသည်

ရွှေ့ပြောင်းနေထိုင်ရမှုကြောင့် ခွဲခြားဆက်ဆံခံရမှု တစ်စုံတစ်ရာမရှိဘဲ ၎င်းတို့၏ လူ့အခွင့်အရေးများကို ခံစားနိုင်သည်" ဟု ထိုမူဘောင်တွင်ဖော်ပြထားပါသည် (IASC, ၂၀၁၀)။ ရွှေ့ပြောင်းနေထိုင်ရသည့် လတ်တလောအကြောင်းရင်းအား ဖြေရှင်းခြင်းသည် ရေရှည်တည်တန့်သော နည်းလမ်းတစ်ရပ်ကို ရရှိရန် မလုံလောက်ပါ။ ဥပမာ စခန်းတစ်ခုကို ပိတ်လိုက်ခြင်းနှင့် IDP များသည် ကူညီထောက်ပံ့မှုများ ရယူရန် စာရင်းမသွင်းကြခြင်းသည် ရေရှည်တည်တန့်သော ဖြေရှင်းရန်နည်းလမ်းတစ်ခု ရရှိသွားပြီဟု ဆိုလိုခြင်း မဟုတ်ပါ။ မူဘောင်တွင် ရေရှည်တည်တန့်သော ဖြေရှင်းရန် နည်းလမ်းတစ်ခုအဖြစ် သတ်မှတ်ရန်အတွက် စံသတ်မှတ်ချက် ရှစ်ခု ကို ဖော်ပြပေးထားပါသည်။

- ရေရှည် ဘေးကင်းမှုနှင့် လုံခြုံမှု
- လုံလောက်သော လူနေမှုအဆင့်အတန်း
- အသက်မွေးဝမ်းကျောင်းမှုများကို လက်လှမ်းမီမှု
- အိမ်၊ မြေနှင့် ပစ္စည်းဥစ္စာများ ပြန်လည်ရရှိမှု
- စာရွက်စာတမ်းများကို လက်လှမ်းမီမှု
- မိသားစု ပြန်လည်ပေါင်းစည်းမှု
- အများပြည်သူနှင့် သက်ဆိုင်သော ကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု
- ထိရောက်သော ကုစားပေးမှုနှင့် မျှတသော တရားစီရင်မှုတို့ကို လက်လှမ်းမီမှု

စခန်းတစ်ခုအတွင်း နေထိုင်ခြင်းသည် ရွှေ့ပြောင်းနေထိုင်ရမှုအတွက် ယာယီဖြေရှင်းနိုင်သည့် နည်းလမ်းတစ်ခုသာဖြစ်သဖြင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ယင်း၏သြဇာသက်ရောက်နိုင်မှုနယ်ပယ်အတွင်းမှ ရေရှည်တည်တန့်သော ဖြေရှင်းရန်နည်းလမ်းတစ်ခု ရနိုင်ခြင်း ရှိ၊ မရှိ လေ့လာဆန်းစစ်ရန် တက်ကြွစွာ ဆောင်ရွက်ရပါမည်။ ရေရှည်တည်တန့်သော ဖြေရှင်းရန်နည်းလမ်းတစ်ခု ရရှိပြီဆိုလျှင် စခန်းပိတ်သိမ်းလိုက်ရမည်မှာ သဘာဝဖြစ်သော်လည်း အချို့အခြေအနေများတွင် စခန်းတစ်ခု ပိတ်သိမ်းလိုက်ရုံဖြင့် ရေရှည်တည်တန့်သော ဖြေရှင်းရန်နည်းလမ်းတစ်ခုကို ရရှိပြီဟု မဆိုလိုပါ။ နေရပ်ပြန်မှု၊ ပေါင်းစည်းနေထိုင်မှု သို့မဟုတ် ပြန်လည်နေရာချထားမှု လုပ်ငန်းစဉ်အတွက် လိုအပ်သောအခြေအနေများ ဖန်တီးပေးနိုင်အောင်တိုက်တွန်းဆွေးနွေးရန်နှင့် စခန်းလူထုအား ၎င်းတို့၏ ရပိုင်ခွင့်များကို အသိပေးရန်အတွက် ပါဝင်ပတ်သက်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရန်မှာ စခန်းစီမံခန့်ခွဲမှုကော်မတီ၏ တာဝန်ဖြစ်ပါသည်။

## အရေးပေါ်အတွက် ကြိုတင်အစီအစဉ်ရေးဆွဲခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း

ကပ်ဘေးအန္တရာယ်လျော့ချရေးနှင့် ကပ်ဘေးကျရောက်ပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် ပြင်ဆင်မှုတို့တွင် အရေးပေါ်အတွက် ကြိုတင်အစီအစဉ်ရေးဆွဲခြင်းအား မကြာခဏဆိုသလို မေ့ထားတတ်ကြပါသည်။ သို့သော် နိုင်ငံအာဏာပိုင် များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပါဝင်ပတ်သက်သူများအနေဖြင့် ထိုကိစ္စနှင့်စပ်လျဉ်း၍ လုပ်ဆောင် ပေးနိုင်သည့် ကိစ္စပေါင်းများစွာရှိပါသည်။ စွမ်းဆောင်ရည်များကို လေ့လာမှတ်တမ်းတင်ခြင်း၊ အရင်းအမြစ်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ လစ်ဟာချက်များကို လေ့လာဆန်းစစ်ခြင်း၊ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန် သင်တန်းများပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်မှုများကို မျက်ခြေမပြတ်စောင့်ကြည့်သိရှိနိုင်သည့်စနစ်များကို ထူထောင်ခြင်း၊ အန္တရာယ်ဖြစ်နိုင်ခြေမြင့်မားသော ဒေသများတွင် အန္တရာယ်ကျရောက်လွယ်သူများအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ကပ်ဘေးအန္တရာယ်နှင့် ပဋိပက္ခအခြေအနေအမျိုးမျိုးအတွက် အစီအစဉ်များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ သဘာဝဘေးအန္တရာယ်များတွင် CCCM အတွက် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်အေဂျင်စီဖြစ်သည့် IOM သည် ကြိုတင် ပြင်ဆင်မှု အစီအစဉ်ရေးဆွဲခြင်း၊ ဘေးကင်းရာသို့ ရွှေ့ပြောင်းခြင်းနှင့် အန္တရာယ်ဖြစ်နိုင်ခြေ လျော့ချခြင်းတို့ကို နိုင်ငံ အာဏာပိုင်များနှင့် လက်တွဲလုပ်ကိုင်နေသည့် လုပ်ငန်းများထဲတွင် ပေါင်းစည်းထည့်သွင်းရန် ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် လူများ ရွှေ့ပြောင်းနေထိုင်ရမှုကြောင့် ဖြစ်ပေါ်လာသည့် လိုအပ်ချက်များကို စခန်းအခြေပြု ဆောင်ရွက်မှု များဖြင့် တုံ့ပြန်ဆောင်ရွက်ပေးရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပါသည်။ UNHCR သည်လည်း ပဋိပက္ခ အခြေအနေ များတွင် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်အေဂျင်စီအဖြစ် သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များနှင့်လက်တွဲကာ ထပ်မံဖြစ်ပွားလာသော ရွှေ့ပြောင်းနေထိုင်မှုများ၊ ပဋိပက္ခအခြေအနေများ ပြောင်းလဲလာမှုနှင့် စခန်းတွင်းနေထိုင်သူဦးရေ ရုတ်တရက်တိုးပွားလာမှုများအား မည်သည့်တုံ့ပြန်ဆောင်ရွက်မည်ဆိုသည်ကို အစီအစဉ်များရေးဆွဲနေပါသည်။

ကြိုတင်ပြင်ဆင်မှုတစ်ခုအနေဖြင့် နောင်တွင်ဖြစ်လာနိုင်ခြေရှိသည့် စခန်းများတည်ထောင်ပေးရမည့် ရွှေ့ပြောင်း နေထိုင်မှုများ အတွက် ပိုမိုကောင်းစွာပြင်ဆင်နိုင်ရန်အတွက် လုပ်ဆောင်သူများအားလုံးကို စွမ်းဆောင်ရည် မြှင့်တင်မှု များအား ပါဝင်ပတ်သက်သူများမှ အတူတကွလက်တွဲကာ ပြုလုပ်ပေးနိုင်ပါသည်။ အထူးသဖြင့် ကပ်ဘေးအန္တရာယ်များ ကျရောက်လေ့ရှိသည့် နိုင်ငံများတွင် နိုင်ငံအာဏာပိုင်များသည် ရွှေ့ပြောင်းနေထိုင်မှုများကို တုံ့ပြန်ဆောင်ရွက် ပေးနိုင်ရန် အစီအစဉ်ရေးဆွဲခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များကို ပို၍စနစ်တကျ တုံ့ပြန်ဆောင်ရွက်ပေးလာ ကြပါသည်။ အရေးပေါ်အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်း တစ်ခုအဖြစ် ပါဝင်ပတ်သက်သူများကြား ညှိနှိုင်းဆောင်ရွက်မှုများနှင့် ပူးတွဲအစီအစဉ်ရေးဆွဲမှုများသည် လူသားချင်းစာနာမှု တုံ့ပြန်ဆောင်ရွက်ချက်များကို ပိုမို အားကောင်းစေရန် အတွက်သာ ဖြစ်ပါသည်။

### ကပ်ဘေးကျရောက်စဉ် လူအများအပြားအား ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခြင်းဆိုင်ရာ အမျိုးသားလမ်းညွှန် (The Mass Evacuation National Disaster (MEND) Guide)

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပွားသောအခါ လူအများအပြားသည် အလွန်တိုတောင်းသော အချိန်ကာလ တစ်ခုအတွင်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးသည့် နည်းလမ်းများသည် ကယ်ဆယ်ရေးစခန်းများရှိ ဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်မှုများ ပံ့ပိုးပေး နိုင်စွမ်းအပေါ် ကြီးမားသော သက်ရောက်မှုရှိပါသည်။ CCCM အစုအဖွဲ့သည် သဘာဝ ဘေးအန္တရာယ်ကျရောက်ချိန်တွင် လူအများအပြားကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းအတွက် အစီအစဉ် ရေးဆွဲနိုင်ရန်အတွက် လမ်းညွှန်တစ်ခု (MEND Guide, ၂၀၁၄) ကို ပြုစုထားပါသည်။ ထိုလမ်းညွှန်မှ အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်များကိုသာမက သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များ အနေဖြင့် အရေးပေါ် အခြေအနေ စီမံခန့်ခွဲမှု အခြေခံမူဝါဒများနှင့်အညီ ဘေးလွတ်ရာရွှေ့ပြောင်းပေးရေး အစီအစဉ်များကို ရေးဆွဲရာတွင် အထောက် အကူ ဖြစ်စေမည့် နမူနာ ပုံစံချပ်တစ်ခု ကိုလည်း ပေးထားပါသည်။

### လူသားချင်းစာနာထောက်ထားမှုကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းနှင့် အစုအဖွဲ့ဖြင့် ဆောင်ရွက်သည့် နည်းလမ်း

၂၀၀၅ခုနှစ်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီ လိုအပ်သော အရေးပေါ်အခြေအနေများ၌ နိုင်ငံတကာမှ တုံ့ပြန်ဆောင်ရွက်မှု အများအပြားသည် အလျဉ်းသင့်သလို ဆောင်ရွက်နေကြပြီး ခန့်မှန်းတွက်ဆ၍ မရနိုင်အောင် ဖြစ်နေသဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံမှ ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုစနစ်၏ တုံ့ပြန်ဆောင်ရွက်မှု လေ့လာ သုံးသပ်ချက် (Humanitarian Response Review - HRR) တစ်ခုအား ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ထိုသုံးသပ်ချက်မှ ထွက်ပေါ်လာသော အကြံပြုချက်များအရ IASC သည် ၂၀၀၅ ခုနှစ်တွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြရသော အခြေအနေများတွင် လူသားချင်းစာနာထောက်ထားမှုဖြင့် တုံ့ပြန်ဆောင်ရွက် ချက်များအား ကြိုတင်ခန့်မှန်းနိုင်မှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် မိတ်ဖက်ပြုမှုများဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်စေမည့် လုပ်ငန်းစဉ်တစ်ခုအား စတင်မိတ်ဆက်ပေးခဲ့ပါသည်။ ထိုပြုပြင်ပြောင်းလဲမှု၏ အဓိကကျသော လုပ်ဆောင် ချက်မှာ အစုအဖွဲ့ဖြင့် ဆောင်ရွက်သည့် နည်းလမ်း (Cluster approach) ကို ဖော်ဆောင်ကျင့်သုံးခြင်းပင် ဖြစ်ပါသည်။

အစုအဖွဲ့များ (Clusters) ဆိုသည်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဓိကကဏ္ဍတိုင်းမှ ကုလသမဂ္ဂ နှင့် နှင့် ကုလသမဂ္ဂ မဟုတ်သော လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ စုစည်းထားသည့် အုပ်စုများ ဖြစ်ပါသည်။ ထိုအစုအဖွဲ့များအား IASC မှ ရွေးချယ်ခန့်အပ်ပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်အတွက် ရှင်းလင်းစွာ ပြဋ္ဌာန်းထားသော တာဝနဝတ္တရားများ ရှိပါသည်။ အစုအဖွဲ့ဖြင့် ဆောင်ရွက်သည့်နည်းလမ်းအား ကမ္ဘာလုံးဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုများကို လုံလောက်စွာ လုပ်ဆောင်နိုင်စွမ်းနှင့် ထိရောက်စွာ တုံ့ပြန်နိုင်မှုတို့ကို နည်းလမ်း ငါးမျိုးဖြင့် ရရှိနိုင်ရန် ရည်ရွယ်ချမှတ်ထားခြင်း ဖြစ်ပါသည်။

- ➔ တစ်ကမ္ဘာလုံးတွင် လူသားချင်းစာနာမှုလုပ်ငန်းများကို လုံလောက်စွာ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ခြင်း
- ➔ ကြိုတင်ခန့်မှန်းတွက်ဆနိုင်သော ခေါင်းဆောင်မှုမျိုး ရှိကြောင်း သေချာစေခြင်း
- ➔ မိတ်ဖက်ပြုမှု သဘောတရားကို ပိုမိုအားကောင်းခိုင်မာစေခြင်း
- ➔ တာဝန်ခံမှု အားကောင်းစေခြင်း
- ➔ လက်တွေ့ကွင်းဆင်းဆောင်ရွက်သည့်အဆင့်ရှိ နည်းဗျူဟာကျ ညှိနှိုင်းဆောင်ရွက်မှုနှင့် ဦးစားပေး အစီအစဉ်များ ရေးဆွဲမှုတို့ကို တိုးတက်ကောင်းမွန်စေခြင်း

IASC မှ အစုအဖွဲ့နည်းလမ်းကို အသုံးပြုရန် ထပ်မံသဘောတူထားသည့် အခြေအနေများမှာ - ကုလသမဂ္ဂ မှ အပြင်းထန်ဆုံးအဆင့်အဖြစ် သတ်မှတ်ထားသော ပြည်တွင်းရွှေ့ပြောင်းနေထိုင်ရမှုများကို ဖြစ်ပေါ်စေပြီး လူသားချင်း စာနာထောက်ထားမှုအကူအညီများ အများအပြား လိုအပ်သည့် L3 အဆင့် အရေးပေါ်အခြေအနေအားလုံး၊ လက်ရှိဖြစ်ပွားနေဆဲ အရေးပေါ်အခြေအနေများနှင့် နောင်ဖြစ်ပေါ်လာမည့် အရေးပေါ်အခြေအနေများအတွက် အရေးပေါ် အစီအစဉ်ရေးဆွဲမှုများအားလုံး ဖြစ်ပါသည်။

အောက်ဖော်ပြပါပုံတွင် ကမ္ဘာလုံးဆိုင်ရာ အစုအဖွဲ့ ၁၁ ခုကို ပြသထားပြီး ယင်းတို့၏ ဦးဆောင်အေဂျင်စီများကိုလည်း ဖော်ပြထားပါသည်။




လူသားချင်းစာနာထောက်ထားမှုစနစ်၏ တုံ့ပြန်ဆောင်ရွက်မှု လေ့လာသုံးသပ်ချက် (HRR) တွင် မကြာသေးခင်က ပြုလုပ်ခဲ့သော လုပ်ဆောင်ချက်များအားလုံးကို ကြည့်လျှင် စခန်းစီမံခန့်ခွဲမှု၌ အားနည်းချက်များ ရှိကြောင်းကိုလည်း ဖော်ထုတ်ထားပါသည်။ စခန်းအခြေအနေတွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် လက်တွဲဆောင်ရွက်ရာတွင် ကိုယ်ပိုင်လုပ်ငန်းအဖြစ် ခံယူလုပ်ဆောင်မှုမရှိခြင်း၊ စွမ်းဆောင်ရည်အားနည်းခြင်းနှင့် စံနှုန်းများ၊ မူဝေါဒ အတူတကွ သုံးစွဲသောနည်းလမ်းများ မရှိခြင်း တို့ကို အလေးပေးဖော်ပြထားပါသည်။ ထိုသုံးသပ်ချက်၏ ရလဒ်အနေဖြင့် စခန်းစီမံခန့်ခွဲမှုနှင့်

ညှိနှိုင်းဆောင်ရွက်မှုများကို ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းပေါင်းစုံ ပါဝင်သော စခန်း စီမံခန့်ခွဲမှုစီမံချက် အပြင် အေဂျင်စီများနှင့် အဖွဲ့အစည်းများ ပါဝင်သည့် ကွန်ယက်များ တည်ထောင်ထားခြင်းမရှိပါက စခန်းပူးပေါင်းညှိနှိုင်းမှုနှင့် စခန်းစီမံခန့်ခွဲမှု (CCCM) အစုအဖွဲ့ကို ဖွဲ့စည်းရန် ဟူ၍ ဖြစ်လာပါသည်။

အဖွဲ့အစည်းအမျိုးမျိုး ပါဝင်ဆောင်ရွက်သည့် လူသားချင်းစာနာထောက်ထားမှုအတွက် တုံ့ပြန်ဆောင်ရွက်ချက်များ တွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို သိရှိသည်နှင့်အညီ IASC သည် ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်တို့တွင် ရရှိသော သင်ခန်းစာများကို အခြေခံကာ အစုအဖွဲ့စနစ်အား ပြန်လည်လေ့လာသုံးသပ်မှုပြုခဲ့ပါသည်။ ခေါင်းဆောင်မှုနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုတို့အတွက် စိန်ခေါ်မှုများကို လေ့လာဆန်းစစ်ချက်ပေါ်တွင် အခြေပြုကာ ၂၀၁၁ခုနှစ် ဒီဇင်ဘာလ တွင် IASC သည် အသွင်ကူးပြောင်းမှုလုပ်ငန်းအစီအစဉ် Transformative Agenda အား သဘောတူ ချမှတ်ပေးခဲ့ရာ ထိုလုပ်ငန်းအစီအစဉ်တွင် လက်ရှိကျင့်သုံးနေသော လူသားချင်းစာနာထောက်ထားမှုအတွက် တုံ့ပြန်မှုမော်ဒယ်ပုံစံအား များစွာတိုးတက်ကောင်းမွန်စေသည့် လုပ်ဆောင်ချက်များ တစ်စု တစ်ဝေးတည်း ပါဝင်ခဲ့ပါသည် (IASC, ၂၀၁၂)။

ထိုလုပ်ငန်းအစီအစဉ်ထဲတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ➔ အားကောင်းကာ အတွေ့အကြုံပြည့်ဝသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခေါင်းဆောင်မှုကို ရရှိစေမည့် လုပ်ငန်းယန္တရားတစ်ခု
- ➔ ခေါင်းဆောင်မှုစွမ်းရည်များကို အားကောင်းစေခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ခေါင်းဆောင် များအား ဆောလျှင်စွာ စေလွှတ်တာဝန်ပေးခြင်း
- ➔ နည်းဗျူဟာကျ အစီအစဉ်ရေးဆွဲမှုအား တိုးတက်စေခြင်း
- ➔ တာဝန်ခံမှုအား မြှင့်တင်ခြင်း
- ➔ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု လုပ်ငန်းယန္တရားများအား လွယ်ကူချောမွေ့စွာ လည်ပတ်စေရန် ဆောင်ရွက် ပေးခြင်း

အစုအဖွဲ့စနစ်အတွင်းတွင် ကမ္ဘာလုံးဆိုင်ရာ CCCM အစုအဖွဲ့သည် အေဂျင်စီနှစ်ခု ပူးတွဲဦးဆောင်သည့် ပူးတွဲ အစုအဖွဲ့တစ်ခုဖြစ်ပါသည်။ ပဋိပက္ခကြောင့်ဖြစ်သော ရွှေ့ပြောင်းနေထိုင်မှုများအတွက် ဦးဆောင်အေဂျင်စီမှာ UNHCR ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များအတွက်မူ IOM ဖြစ်ပါသည်။ အရေးပေါ်အခြေအနေအမျိုးအစား နှစ်ခုစလုံးတွင် ဦးစားပေး ဆောင်ရွက်ကြသည့် လုပ်ငန်းများမှာ ဆင်တူပြီး မြေပြင်တွင်လုပ်ဆောင်နေသော မိတ်ဖက်အများအပြား သည်လည်း ထိုအခြေအနေနှစ်ရပ်စလုံးကို တုံ့ပြန်ဆောင်ရွက်ကြသူများဖြစ်သဖြင့် ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်တို့အတွက် အစုအဖွဲ့အား ပေါင်းစည်းထားရန် သဘောတူခဲ့ကြပါသည်။ ထိုသို့ ပေါင်းစည်းထားခြင်းဖြင့် တူညီသော လုပ်ဆောင်မှုများ နှစ်ခါပြန်ဆောင်ရွက်မိနေခြင်းကို ရှောင်ရှားနိုင်ပြီး အပြန်အလှန် ဖြည့်စွက်ထောက်ကူပေးမှုများ ဖြစ်ပေါ်လာစေပါသည်။ CCCM သည် အစုအဖွဲ့များအားလုံးနှင့် သက်ဆိုင်သော အစုအဖွဲ့တစ်ခုဖြစ်သဖြင့် အခြား သော အစုအဖွဲ့များနှင့်လည်း နီးကပ်စွာ လက်တွဲဆောင်ရွက်ကာ ကွာဟချက်များကို ဖြည့်ဆည်းပေးပြီး နှစ်ခါပြန် ဆောင်ရွက်မှုများ မဖြစ်အောင် လုပ်ဆောင်ပေးပါသည်။

ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများသည် စခန်းများနှင့် စခန်းနှင့်တူသော အနေအထားများတွင် ခိုလှုံကြရသည့် အခြေအနေများတွင် အောက်ခြေလုပ်ငန်းများ လက်တွေ့ဆောင်ရွက်သည့်အဆင့်၌ လူသားချင်းစာနာစွာ တုံ့ပြန်ဆောင်ရွက်မှုများကို ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန် CCCM အစုအဖွဲ့မှ ကြိုးပမ်းလုပ်ဆောင်နေပါသည်။ အစုအဖွဲ့သည် စခန်းများတည်ထောင်ရန် အားမပေးပါ။ စခန်းတွင်းနေထိုင်ရသည့်ဘဝ အဆုံးသတ်စေရေးကို ဦးတည် သည့် ရေရှည်တည်တန့်သော ဖြေရှင်းရန်နည်းလမ်းများကို အားပေးပါသည်။ CCCM ၏ အဓိကကျသော ပန်းတိုင် များတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ➔ စခန်းများတွင် နေထိုင်သော နေရပ်စွန့်ခွာနေထိုင်ရသူများအတွက် ကူညီထောက်ပံ့မှုများနှင့် ကာကွယ် စောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်စေရန်
- ➔ ရေရှည်ဖြေရှင်းရန် နည်းလမ်းများအတွက် တိုက်တွန်းဆွေးနွေးမှုများ ပြုလုပ်ခြင်း
- ➔ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအား လွတ်လပ်စွာ ဆောင်ရွက်ခွင့် (Humanitarian Space) ကို ထိန်းသိမ်းကာကွယ်ရန်
- ➔ စခန်းညှိနှိုင်းဆောင်ရွက်မှုနှင့် စခန်းစီမံခန့်ခွဲမှုအား အဓိကကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ကာ လုံလောက်သော ဝန်ထမ်းအင်အားနှင့် ရန်ပုံငွေများ ဖြည့်တင်းပေးရန်
- ➔ နေရပ်စွန့်ခွာနေထိုင်ရသူများ နေရပ်ပြန်ကြသောအခါ စခန်းပိတ်သိမ်းမှုများကို စနစ်တကျ ဆောင်ရွက်ရန်

- ကျားမလူမှုကဏ္ဍ၊ အသက်အရွယ်၊ သဘာဝပတ်ဝန်းကျင်နှင့် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပံ့ပိုးမှုများ အပါအဝင် ကဏ္ဍစုံနှင့် သက်ဆိုင်သော ကိစ္စရပ်များအား လုပ်ဆောင်သည့် လုပ်ငန်းတိုင်းတွင် ထည့်သွင်း စဉ်းစားဆောင်ရွက်ရန်

CCCM သည် ယခုအခါ စခန်းများအား ညှိနှိုင်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုတွင် အရေးပါသော ခေါင်းဆောင်မှု အခန်းကဏ္ဍမှ ပါဝင်နေသည့် စနစ်တကျ ဖွဲ့စည်းထားသော အစုအဖွဲ့တစ်ခု ဖြစ်နေပြီ ဖြစ်ပါသည်။ လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများစတင်ခဲ့သည့်အချိန်မှစ၍ CCCM သည် အသုံးပြုရန် နည်းလမ်းအထောက်အကူများ၊ သင်တန်းသုံးပစ္စည်းများနှင့် နည်းပညာ ဆိုင်ရာ လမ်းညွှန်အချို့ကို ပြုစုလာခဲ့ရာ နိုင်ငံအများ အပြားတွင် ယင်းတို့အား တိုး၍ သုံးစွဲလာကြပါသည်။

## ဒုက္ခသည်များဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု မော်ဒယ်ပုံစံ (Refugee Coordination Model)

"ဒုက္ခသည်များဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု မော်ဒယ်ပုံစံသည် အများပါဝင်မှု၊ ကြိုတင်ခန့်မှန်းတွက်ဆနိုင်မှု နှင့် ပွင့်လင်းမြင်သာမှု တို့သာမက ရှင်းလင်းသော တာဝန်ခံမှု၊ တာဝန်ယူမှု လမ်းကြောင်းများကိုပါ ရရှိစေပါသည်။ ထို မော်ဒယ်ပုံစံသည် သွက်လက်ပေါ့ပါး၍ လုပ်ငန်းလည်ပတ်နိုင်မှုကို ဦးတည်ပြီး ရလဒ်များကို အလေးထားနိုင်ရန် ရည်ရွယ်ပါသည်။ မော်ဒယ်ပုံစံတွင် ပါဝင်သည့် စံအဖြစ် သတ်မှတ်ထားသော အစိတ်အပိုင်းများမှာ -

- UNHCR ကိုယ်စားလှယ်မှ သက်ဆိုင်ရာအစိုးရအား အပြည်ပြည်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု ကိစ္စများ အားလုံးအတွက် တိုက်ရိုက် တိုက်တွန်းဆွေးနွေးခြင်း
- ဖွံ့ဖြိုးရေးလုပ်ဆောင်သူများအပါအဝင် ကာကွယ်စောင့်ရှောက်မှုနှင့် ဖြေရှင်းရန်နည်းလမ်းများအတွက် မဟာဗျူဟာရေးဆွဲမှုတွင် ပါဝင်ဆောင်ရွက်နေသော မိတ်ဖက်များနှင့်အတူ UNHCR ကိုယ်စားလှယ်မှ ဦးဆောင်ကာ တုံ့ပြန်ဆောင်ရွက်မှု၏ အဆင့်များအားလုံးအတွက် မဟာဗျူဟာ စီမံကိန်းရေးဆွဲခြင်း
- ဒုက္ခသည်များအတွက် နိုင်ငံလုံးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်သူများ အားလုံး ပါဝင်သော ဒုက္ခသည်များဆိုင်ရာ တိုင်ပင်ဆွေးနွေးမှု ဖိုရမ်တစ်ခုအား နိုင်ငံအဆင့်တွင် ကျင်းပခြင်းနှင့် အစိုးရ (ဖြစ်နိုင်ပါက) နှင့် UNHCR ကိုယ်စားလှယ်တို့မှ ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခြင်း
- လိုအပ်ချက်ဆန်းစစ်လေ့လာမှု၊ အစီအစဉ်ရေးဆွဲမှု၊ စောင့်ကြည့်လေ့လာမှု၊ အစီရင်ခံတင်ပြမှုနှင့် ကဏ္ဍများ အားလုံးရှိ သတင်းအချက်အလက် စီမံခန့်ခွဲမှုများကို ကျွမ်းကျင်လိမ္မာစွာ ဆောင်ရွက်နိုင်စွမ်းရှိသည့် ကဏ္ဍစုံ လုပ်ငန်းအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဒုက္ခသည်များဆိုင်ရာ UNHCR ညှိနှိုင်းရေးမှူးသည် ကဏ္ဍပေါင်းစုံမှ ပါဝင် ဆောင်ရွက်သော တုံ့ပြန်ဆောင်ရွက်မှုများကို ဦးဆောင်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကဏ္ဍအလိုက် ဦးဆောင်အေဂျင်စီများနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်သည့်အဆင့်မှ လုပ်ဆောင်သူများအားလုံး၏ ပါဝင်ဆောင်ရွက်မှုကို သေချာစေခြင်း
- UNHCR ဦးဆောင်သည့် ဒုက္ခသည်များ ကာကွယ်စောင့်ရှောက်ရေး စုပေါင်းအုပ်စုသည် ကာကွယ် စောင့် ရှောက်မှုများကို ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုအား အခြားသော လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် ကဏ္ဍများ၊ ဝန်ဆောင်မှုပေးနေသည့်ကဏ္ဍများ အားလုံးတွင်လည်း ထည့်သွင်းဆောင် ရွက်ခြင်းတို့အတွက် တာဝန်ရှိပြီး သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများမှ ဦးဆောင်ခြင်း သို့မဟုတ် မိတ်ဖက်များ သို့မဟုတ် UNHCR မှ (ပူးတွဲ) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခြင်း။ ဖြစ်နိုင်ပါက ကဏ္ဍများအား အစိုးရ ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း ယန္တရားများနှင့် ချိတ်ဆက်ပေးရန် ရည်ရွယ်ပါသည်။
- ကြိုတင်ခန့်မှန်းတွက်ဆနိုင်သော တုံ့ပြန်ဆောင်ရွက်မှုတစ်ခု ဖြစ်စေရန်အတွက် မိတ်ဖက်များဖြစ်လာရန် အလားအလာရှိသည့် အဖွဲ့အစည်းပေါင်းစုံဖြင့် ကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်ရန် အစီအမံများ ပါဝင်ခြင်း။ အဖွဲ့စည်းများသည် ဝန်ဆောင်မှုများကို ကူညီပံ့ပိုးပေးရန်အတွက် ကမ္ဘာလုံးဆိုင်ရာ အစုအဖွဲ့၏ အရင်းအမြစ် များအား ရယူသုံးစွဲရန် ဆန္ဒရှိကောင်း ရှိနိုင်ပါသည်။"

UNHCR ဒုက္ခသည်များဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု မော်ဒယ်ပုံစံ၊ ၂၀၁၃။ အစုအဖွဲ့စနစ်၊ ဒုက္ခသည်စနစ်နှင့် ဖွံ့ဖြိုးမှု စနစ် များကို နှိုင်းယှဉ်ထားချက်အား အသုံးပြုရန်နည်းလမ်းအထောက်အကူများ အခန်းတွင် ဖတ်ရှုနိုင် ပါသည်။

## စခန်းတည်ထောင်ကာ တုံ့ပြန်ဆောင်ရွက်မှုတွင် ပါဝင်ပတ်သက်သူများ

စခန်းတစ်ခုကို လည်ပတ်ဆောင်ရွက်ရာတွင် နိုင်ငံအာဏာပိုင်များ၊ လူသားချင်းစာနာထောက်ထားမှုအေဂျင်စီများ၊ ရပ်ရွာမှ စေတနာ့ဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ပတ်သက်သူအမျိုးမျိုးတို့ ပါဝင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လုပ်ဆောင်သူအမျိုးမျိုးနှင့် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

### စခန်းစီမံခန့်ခွဲမှုအေဂျင်စီ

ရွှေ့ပြောင်းနေထိုင်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများသည် အနေအထားများ ကွဲပြား ခြားနားကြသည့်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်သည့် အချိန်များလည်း ကွဲပြားခြားနား ပါသည်။ ထိုအေဂျင်စီသည် လျှင်မြန်စွာ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများ၊ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင် ဖြေရှင်းနိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်ပြီး ရွှေ့ပြောင်းနေထိုင်ရသူများ၏ လိုအပ်ချက်များ ပြောင်းလဲနေသည်နှင့်အမျှ လုပ်ငန်းများကိုလည်း မကြာခဏ ပြောင်းလဲလုပ်ဆောင်ကြရပါသည်။

စခန်းတွင်းတွင် ရွှေ့ပြောင်းနေထိုင်ရသူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် စိတ်အေးချမ်းမြေ့မှု တို့ကို ထည့်သွင်းစဉ်းစားကာ ၎င်းတို့အတွက် လိုအပ်သော ကူညီထောက်ပံ့မှုနှင့် ကာကွယ်စောင့်ရှောက်မှုများ ရရှိစေရန် လုပ်ဆောင်ပေးရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် စခန်းလူထု၏ပြောင်းလဲနေသောလိုအပ်ချက်များကိုမျက်ခြေမပြတ်စေရန်စောင့်ကြည့်လေ့လာမှုနှင့်ကြီးကြပ်စစ်ဆေးမှုစနစ်များအား တည်ထောင်ခြင်းနှင့် လူထုပါဝင် ဆောင်ရွက်နိုင်အောင် အားပေးခြင်းဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စံနှုန်းများပြည့်မီအောင် ဆောင်ရွက်ခြင်း ဖြင့် သင့်တော်သော ကူညီထောက်ပံ့မှုများအား လုံလောက်စွာ ပံ့ပိုးခြင်းကို အားပေးမြှင့်တင်ပြီး ကဏ္ဍများအားလုံး၏ လုပ်ဆောင်ချက်တိုင်းတွင် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းကို လည်း အားပေးရမည်ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ရွှေ့ပြောင်းနေထိုင်ကြရသော အမျိုးသမီးများ၊ အမျိုးသားများ၊ ယောက်ျားလေးများနှင့် မိန်းကလေးများအနေဖြင့် ဝန်ဆောင်မှုများနှင့် ကာကွယ်စောင့်ရှောက်မှုများကို လက်လှမ်းမီ ရရှိစေနိုင်မည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် လူထုပါဝင်ဆောင်ရွက်မှု ဖိုရမ်များကိုလည်း ကျင်းပပေးရမည် ဖြစ်သည်။

စခန်းညှိနှိုင်းဆောင်ရွက်မှုအေဂျင်စီ၏ ခြုံငုံ၍ ညှိနှိုင်းဆောင်ရွက်ပေးမှုနှင့် ကူညီပံ့ပိုးမှုအောက်တွင် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် စခန်းတွင်ရှိနေသည့် အာဏာပိုင်များ (စခန်းအုပ်ချုပ်ရေးအဖွဲ့)နှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်း ဆောင် ရွက်ပြီး လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်သူများနှင့်ဝန်ဆောင်မှုပေးသူအားလုံး၏ကိုယ်စားလက်တွဲဆောင်ရွက်ရမည်ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်းနေထိုင်သူများနှင့် စခန်း၏ အခြေခံအဆောက် အအုံများကို စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိပြီး အဓိကကျသော တာဝန်ဝတ္တရားများထဲတွင် အောက်ပါတို့ ပါဝင်ပါသည်။

- စခန်းစီမံခန့်ခွဲမှုအေဂျင်စီ ဝန်ထမ်းများအား ရွေးချယ်ခန့်အပ်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ကြီးကြပ် ခြင်း
- နိုင်ငံတကာစံနှုန်းများနှင့်အညီ ဝန်ဆောင်မှုများနှင့် ကာကွယ်စောင့်ရှောက်မှုများအား ပံ့ပိုးပေးခြင်း၊ လက်လှမ်းမီ အသုံးပြုနိုင်မှုတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း
- စခန်း၏ အုပ်ချုပ်ရေးလုပ်ငန်းယန္တရားများအား တည်ထောင်ခြင်းနှင့် လူထုအား ပါဝင်ဆောင်ရွက်စေခြင်း
- စခန်း၏ အခြေခံအဆောက်အအုံများကို စောင့်ရှောက်ထိန်းသိမ်းမှုရှိကြောင်း သေချာစေပြီး သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ လျော့ပါးသက်သာအောင် ဆောင်ရွက်ခြင်း
- စခန်းလူထု၏ ပြောင်းလဲနေသော လိုအပ်ချက်များဆိုင်ရာ သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း
- စခန်းလူထုနှင့် အခြားသော ပါဝင်ပတ်သက်သူများအား သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း
- အရေးပေါ်အစီအစဉ်ရေးဆွဲခြင်း၊ သဘာဝပတ်ဝန်းကျင်၊ စီမံချက်ရပ်ဆိုင်းရန် နည်းဗျူဟာ၊ စခန်းပိတ်သိမ်းမှုနှင့် ရေရှည် တည်တန့်သော ဖြေရှင်းရန်နည်းလမ်းများကို ပံ့ပိုးကူညီခြင်းဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာပါဝင်ပတ်သက် သူများနှင့်အတူ နည်းဗျူဟာစီမံကိန်းများ ရေးဆွဲမှုတွင် ပါဝင်ဆောင်ရွက်ခြင်း

**လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများအား လွတ်လပ်စွာ ဆောင်ရွက်ခွင့် (Humanitarian Space)**

စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် ၎င်း၏ လူသားချင်းစာနာမှုလုပ်ငန်းများကို လွတ်လပ်စွာ လည်ပတ်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းအား အခြားသောအရာများအားလုံးထက် ပိုမိုလိုအပ်ပါသည်။ ထိုအခွင့်အလမ်းထဲတွင် ရွှေ့ပြောင်းနေထိုင်သူများထံ လက်လှမ်းမီ ရောက်ရှိဝန်ဆောင်နိုင်မှု၊ အေဂျင်စီဝန်ထမ်းများအတွက် လုံခြုံရေးနှင့်လုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်ခွင့်တို့ ပါဝင်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီနှင့် ပါဝင်ပတ်သက်သူအမျိုးမျိုးတို့ကြား ထိရောက်သော မိတ်ဖက်ပြုမှုကို တည်ဆောက်ထိန်းသိမ်းရန်ကိစ္စသည် ရှုပ်ထွေးခက်ခဲနိုင်ပြီး အပြန်အလှန်နားလည်မှု နည်းပါးခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ် သို့မဟုတ် အကောင်အထည်ဖော်သည့် အစီအစဉ်များ ဂိရောဓိဖြစ်ခြင်း၊ အခြားဦးစားပေးကိစ္စများရှိနေခြင်း နှင့်/သို့မဟုတ် စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များ မရှိခြင်းကဲ့သို့သော အချက်များ၏ သက်ရောက်မှုလည်း ရှိနိုင်ပါသည်။

## စခန်းလူထု

စခန်းလူထုသည် ၎င်းတို့ မူရင်း ရပ်ရွာလူထုကဲ့သို့ပင် အမျိုးမျိုးသော လူအုပ်စုများ ပါဝင်ဖွဲ့စည်းထားပြီး တိုင်းရင်းသားမျိုးနွယ်၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် နိုင်ငံရေးအဖွဲ့အစည်းများနှင့် ဆက်နွယ်မှုကို အခြေခံကာ ကွဲပြားသွားပါသည်။ ထိုသို့သော ကွဲပြားမှုများ အတန်အသင့်နည်းပါးသည့် စခန်းများ၌ပင် စခန်းလူထုအဖို့ သီးခြားလိုအပ်ချက် များ ရှိနေတတ်ပါသည်။ စခန်းတွင်းနေထိုင်သူများအတွင်း ကွဲပြားခြားနားမှုများ မည်သို့ပင်ရှိစေ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၊ အစီအစဉ်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုများတွင် စခန်းလူထု ပါဝင်ဆောင်ရွက်လာအောင် စည်းရုံးလှုံ့ဆော်ရန် လိုအပ်ပါသည်။

ရွှေ့ပြောင်းနေထိုင်ရမှုသည် လူများအား အန္တရာယ်ကျရောက်လွယ်စေပြီး အခြားသူများအား မှီခိုအားထားရသည့် အဖြစ်သို့ ရောက်ရှိစေပါသည်။ ထိုသူများသည် ကူညီပံ့ပိုးထောက်ပံ့မှုများကို လက်ခံယူရုံ သက်သက်သာ ဖြစ်နေပါက ၎င်းတို့၏ မှီခိုမှုနှင့် အန္တရာယ်ကျရောက်လွယ်မှုများသည် ပိုတိုးလာရန်သာ ရှိပါသည်။ စခန်းလူထုနှင့် မိတ်ဖက်ပြုမှုအား တည်ဆောက်ခြင်းသည် ၎င်းတို့၏ ကျွမ်းကျင်မှု၊ အသိပညာဗဟုသုတနှင့် စွမ်းဆောင်ရည်များကို အသိအမှတ်ပြုခြင်း ဖြစ်သည့်အတွက် စခန်းလူထု၏ အမှီအခိုကင်းစွာ ရပ်တည်နိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို အထောက်အပံ့ပြု နိုင်ပါသည်။

လူသားချင်းစာနာထောက်ထားမှု ကူညီထောက်ပံ့ရေးအစီအစဉ်များ ကောင်းစွာ လည်ပတ်နေသည့် အခြေအနေ၌ပင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများသည် အမျိုးမျိုးကွဲပြားကာ ကျယ်ပြန့်များပြားလှပြီး မကြာခဏ ဆိုသလို စိန်ခေါ်မှုများနှင့် ပြည့်နေတတ်ပါသည်။ စခန်းလူထုအား ပါဝင်ဆောင်ရွက်စေရုံထက်မက ၎င်းတို့အကြား ထိရောက်သော ဆက်ဆံရေးများ တည်ဆောက်ခြင်းနှင့် လူထုထံမှ ယုံကြည်မှုနှင့် လက်ခံနိုင်မှုတို့ ရရှိအောင် ဆောင်ရွက်ခြင်းတို့ကိုလည်း လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ဝန်ဆောင်မှုများ၊ ဘေးကင်းလုံခြုံမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုတို့ကို သာတူညီမျှ လက်လှမ်းမီ ရရှိစေခြင်းကိုလည်း မလွဲမသွေ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## စခန်းတည်ရှိရာ အနီးဝန်းကျင်မှ ရပ်ရွာလူထုများ

စခန်းအနီးအနားရှိ ကျေးရွာ၊ မြို့ သို့မဟုတ် အခြားသော ဒေသခံရပ်ရွာတစ်ခုအတွက် စခန်းလူထုအား လက်ခံနေရာပေးရခြင်းကြောင့် ၎င်းတို့၏ အဖိုးတန်ကာ အကန့်အသတ်ရှိသော အရင်းအမြစ်များအတွက် တောင်းဆိုမှုများ သိသိ သာသာ များပြားလာနိုင်ပါသည်။ အနီးဝန်းကျင်မှ ထိုရပ်ရွာများတွင် စီးပွားရေးနှင့် သဘာဝသယံဇာတရင်းမြစ်များ ရှိချင်မှရှိမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ အကန့်အသတ်ရှိနိုင်ကာ ထောက်ပံ့ဝန်ဆောင်မှုများ မလုံလောက်မှု သို့မဟုတ် မရှိမှုတို့ ဖြစ်နိုင်ပါသည်။ ၎င်းတို့သည်လည်း ရွှေ့ပြောင်းနေထိုင်မှုကို ဖြစ်ပေါ်စေသည့် ဘေးအန္တရာယ်၏ သက်ရောက်မှုကို ခံခဲ့ရနိုင်ပြီး ရွှေ့ပြောင်းနေထိုင်သူ လူအုပ်စုထက် လိုအပ်ချက်များ ပိုမများဟု ဆိုလျှင်ပင် တန်းတူမျှလောက် လိုအပ်ချက်များ ရှိနေနိုင်ပါသည်။ ထို့အတွက်ကြောင့် ၎င်းတို့၏မြေယာများ၊ အသက် မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၊ ဘေးကင်းမှုနှင့် လုံခြုံမှု၊ အခြေခံအဆောက်အအုံ သို့မဟုတ် သဘာဝသယံဇာတ များအား ခြိမ်းခြောက်ခံရသည်ဟု ယူဆသော စခန်းအနီးပတ်ဝန်းကျင်မှ လူထုများနှင့် စခန်းကြားတွင်

အများအားဖြင့် တင်းမာမှုများ ရှိနေတတ်ပါသည်။ ထို့မှတစ်ဆင့် စခန်းလူထု လက်ခံရရှိနေသည့် ကူညီထောက်ပံ့မှုများအတွက် ရန်လို အမုန်းပွားမှုများ ရှိလာနိုင်ပြီး အထူးသဖြင့် ၎င်းတို့နှင့် တိုင်းရင်းသားမျိုးနွယ်၊ ဘာသာစကား၊ သမိုင်းကြောင်း၊ နိုင်ငံရေး အဖွဲ့အစည်းများနှင့် ဆက်နွယ်ပတ်သက်ပုံနှင့် ဓလေ့ထုံးစံများ မတူပါက ပို၍ ဆိုးပါလိမ့်မည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍမှာ အနီးဝန်းကျင်မှ ရပ်ရွာလူထုနှင့် ချိတ်ဆက်မှုများ အားကောင်းစေပြီး ၎င်းတို့၏ စိုးရိမ်ကြောင့်ကြမှုများနှင့် လိုအပ်ချက်များကို နားထောင်ကာ ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုဖြင့် ထိုရပ်ရွာများအပေါ် စခန်း၏ သက်ရောက်မှုများအား တတ်နိုင်သမျှ ထိရောက်စွာ စီမံခန့်ခွဲပေးရန် ဖြစ်ပါသည်။ ဆက်သွယ်ရေး လမ်းကြောင်းများ တည်ထောင်ခြင်းနှင့် စခန်းအစည်းအဝေးများတွင် အနီးဝန်းကျင်ရပ်ရွာမှ ကိုယ်စားပြု ပါဝင်တက်ရောက်မှုတို့သည် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် စခန်းနှင့်အနီးဝန်းကျင် ရပ်ရွာမှလူထုများ နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးရှိစေမည့် လုပ်ဆောင်ချက်များကို အတူတကွ စူးစမ်းရှာဖွေနိုင်သောကြောင့် ဖြစ်ပါသည်။ ထင်းနှင့် သောက်သုံးရေကဲ့သို့ ရှားပါးသော သဘာဝအရင်းအမြစ်များအား ထိန်းသိမ်းစောင့်ရှောက်ပြီး ဖြစ်နိုင်ပါက အခြားသော အရင်းအမြစ်များကို ရှာဖွေတွေ့ရှိနိုင်ရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ပွင့်လင်း မြင်သာစွာ လုပ်ဆောင်သင့်ပါသည်။

## စခန်းအုပ်ချုပ်ရေးအဖွဲ့

နိုင်ငံအာဏာပိုင်များသည် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူများနှင့် ၎င်းတို့၏ နယ်နိမိတ်အတွင်းရှိ ဒုက္ခသည်များအား ကာကွယ်စောင့်ရှောက်ရန်နှင့် ကူညီထောက်ပံ့ရန် တာဝန်ရှိပါသည်။ စခန်းညှိနှိုင်းဆောင်ရွက်မှုနှင့် စခန်းစီမံစီမံခန့်ခွဲမှု များအား ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် INGO များက အစဉ်အဆက် လုပ်ဆောင်လာကြခြင်းဖြစ်ပါသည်။ နိုင်ငံ အာဏာပိုင်များသည် ထိုအခန်းကဏ္ဍများကို တိုး၍ ထမ်းဆောင်လာကြပါသည်။ ထိုသို့ဖြစ်ပါက စခန်းစီမံခန့်ခွဲမှု လုပ်ငန်းစဉ်နှင့် မကျွမ်းဝင်သေးသည့် နိုင်ငံအာဏာပိုင်များအား ထိုတာဝန်ဝတ္တရားများကို ထိရောက်စွာ ထမ်းဆောင် နိုင်ရန်၊ လိုအပ်သောကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရန်နှင့် စခန်းလူထု ဘဝသာယာပျော်ရွှင်မှုရရှိရန် စောင့်ရှောက် ပေးနိုင်ရေးတို့အတွက် သင့်လျော်သော ကူညီပံ့ပိုးမှုများကို ပေးသင့်ပါသည်။

စခန်းအုပ်ချုပ်ရေးအဖွဲ့မှ ထုံးတမ်းစဉ်လာအရ ပါဝင်ဆောင်ရွက်ရသော အခန်းကဏ္ဍမှာ စခန်းတွင်းလုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးရန်နှင့် ကြီးကြပ်ရန်ဖြစ်ပါသည်။ ထိုအခန်းကဏ္ဍတွင် အောက်ပါ လုပ်ငန်းတာဝန်များ ပါဝင်ပါသည်။

- ➔ စခန်းများအား ရွေးချယ်သတ်မှတ်ခြင်း၊ ဖွင့်လှစ်ခြင်းနှင့် ပိတ်သိမ်းခြင်း
- ➔ ယာယီအခြေချနေထိုင်မှုအတွက် မြေနေရာနှင့် အသုံးချပိုင်ခွင့်များကို ရရှိအောင် ဆောင်ရွက်ပေးခြင်း
- ➔ မြေနေရာ ရယူသုံးစွဲခြင်းကြောင့် ပေါ်ပေါက်လာသော အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် စခန်းတွင်း နေထိုင် သော နှင့်/သို့မဟုတ် အလုပ်လုပ်ကိုင်နေသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများထံသို့ တောင်းဆိုမှုများ မပြုလုပ်နိုင်ရန် ကာကွယ်ပေးခြင်း
- ➔ လုံခြုံမှုရှိအောင် ဆောင်ရွက်ပေးခြင်း၊ တရားဥပဒေစိုးမိုးစေခြင်းနှင့် အရပ်သားများနေထိုင်ရာ စခန်းဟူသည့် ဂိုဏ်းသလက္ခဏာအတွက် အာမခံချက်ပေးခြင်း
- ➔ မှတ်ပုံတင်စာရင်းသွင်းမှုအား စနစ်တကျ ဆောင်ရွက်ပေးခြင်း
- ➔ စခန်းလူထုအားစာရွက်စာတမ်းများ၊ ခွင့်ပြုချက်များနှင့်လိုင်စင်များ (မွေးစာရင်း၊ မှတ်ပုံတင်နှင့် ခရီးသွားခွင့်လက်မှတ်ကဲ့သို့သော) ထုတ်ပေးခြင်း
- ➔ နိုင်ငံသားများအား ကာကွယ်စောင့်ရှောက်၍ စခန်းလူထုအား စခန်းမှနှင်ထုတ်ခြင်း၊ အခြားတစ်နေရာသို့ ပို့ဆောင်ခြင်း သို့မဟုတ် ထပ်မံရွှေ့ပြောင်းနေထိုင်ရစေခြင်းတို့မှ ကာကွယ်ပေးခြင်း
- ➔ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ စခန်းများသို့ လက်လှမ်းမီရောက်ရှိ၍ ဝန်ဆောင်မှု ပေးနိုင်ရန် ကူညီပံ့ပိုးခြင်း

## စခန်းလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်မှု အေဂျင်စီ

စခန်းလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်သော လူသားချင်းစာနာထောက်ထားမှုအတွက် နေရာ (humanitarian space) ကို ဖန်တီးပေးရန် ဖြစ်ပါသည်။ စခန်းညှိနှိုင်းဆောင်ရွက်မှုတွင် အောက်ပါတို့ ပါဝင်ပါသည်။

- ➔ အောက်ပါအခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအား ညှိနှိုင်းဆောင်ရွက်ပေခြင်း

- စခန်းတည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက် အမျိုးသားအဆင့်/ဒေသတွင်းအဆင့် စီမံကိန်းများ ရေးဆွဲမှု၊ ပံ့ပိုးမှုတို့နှင့် ဆက်နွယ်သော အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ
- သဘောတူထားသော စံနှုန်းများ၊ CCCM အစုအဖွဲ့နှင့်သက်ဆိုင်သော လုပ်ငန်းလမ်းညွှန်များကို လိုက်နာကြောင်း သေချာစေခြင်းအပါအဝင် လူသားချင်းစာနာထောက်ထားမှုအရ စခန်းဖွင့်လှစ် တုံ့ပြန်ထောက်ထားမှုအရ တစ်ခုလုံးနှင့် ဆက်နွယ်သော အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

➔ စီမံချက်ရပ်ဆိုင်းရန်နှင့် အဖြေရှာမှု မဟာဗျူဟာများအား အစီအစဉ်များထဲတွင် ပေါင်းစပ်ထည့်သွင်းမှုကို သေချာစေခြင်း

➔ အခြေအနေလေ့လာဆန်းစစ်မှု၊ လုပ်ငန်းလည်ပတ်ရန် အစီအစဉ်ရေးဆွဲမှု၊ မဟာဗျူဟာကျ ဒီဇိုင်းပုံစံ၊ စောင့်ကြည့်လေ့လာမှုနှင့် ပြန်လှန်သုံးသပ်ဆန်းစစ်မှု ပါရှိသော အစီအစဉ် အကောင်အထည်ဖော်မှုများ၊ နည်းပညာဆိုင်ရာ ပံ့ပိုးမှုနှင့် အစုအဖွဲ့ ညှိနှိုင်းဆောင်ရွက်မှုများအား သေချာစေခြင်း

➔ လူသားချင်းစာနာထောက်ထားမှုအရ တုံ့ပြန်ထောက်ထားမှုတွင် အောက်ပါတို့နှင့် သင့်လျော်သော နည်းလမ်း များဖြင့် အပြည့်အဝ တိုင်ပင်ဆွေးနွေးမှုရှိကြောင်း သေချာစေခြင်း

- လိုအပ်ချက်များ ဆန်းစစ်လေ့လာမှု၊ ကာကွယ်စောင့်ရှောက်မှု/ ကူညီထောက်ပံ့မှုများ ပေးခြင်း နှင့် ရေရှည်တည်တန့်သော ဖြေရှင်းရန်နည်းလမ်းများကို ရှာဖွေခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ရွှေ့ပြောင်း နေထိုင်ရသူများနှင့် တိုင်ပင်ဆွေးနွေးဆောင်ရွက်ခြင်း
- နိုင်ငံအာဏာပိုင်များ၊ မရှိပါက စခန်းတည်ရှိရာဒေသကို ထိန်းချုပ်ထားသော အစိုးရမဟုတ်သည့် လုပ်ဆောင်သူများ
- စခန်းမန်နေဂျာများနှင့် ဝန်ဆောင်မှုပေးသည့် မိတ်ဖက်များအပါအဝင် CCCM အစုအဖွဲ့အတွင်းရှိ လူသားချင်း စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အခြားသောအစုအဖွဲ့များ နှင့်/ သို့မဟုတ် အခြားသော ကဏ္ဍများမှ မိတ်ဖက်များနှင့် သက်ဆိုင်ရာနိုင်ငံရှိ IASC အဖွဲ့
- အရပ်ဘက် လူမှုအဖွဲ့အစည်း၊ အလှူရှင်များ၊ သံတမန်အသိုင်းအဝိုင်း၊ စခန်းအနီးဝန်းကျင်မှ ရပ်ရွာလူထု၊ မီဒီယာများ ကဲ့သို့သော အခြားလုပ်ဆောင်သူများ

➔ နိုင်ငံအာဏာပိုင်များမှ တောင်းဆိုလာပါက စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ စခန်းများအတွက် ကာကွယ် စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှု မဟာဗျူဟာအပေါ် အစိုးရ၏ ကိုယ်ပိုင်ဗျူဟာများအဖြစ် ခံယူမှုအား အားပေးခြင်းအပါအဝင် သင့်တော်သော ကူညီပံ့ပိုးမှုများကို ပေးခြင်း

➔ ပါဝင်ပတ်သက်သူများ၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော မည်သည့်ပြဿနာကိုမဆို ဆွေးနွေးရန် အတွက် အာဏာပိုင်များနှင့် ပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးမှုများကို ပြုလုပ်ခြင်း

➔ စခန်းများတွင် နိုင်ငံတကာစံနှုန်းများအား ကျင့်သုံးမှုနှင့် ပြည့်မီအောင် ထိန်းသိမ်းမှုတို့ကို အားပေး မြှင့်တင် ခြင်း

➔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီများနှင့် ဝန်ဆောင်မှုပေးသူများအား သတ်မှတ်ဖော်ထုတ် ရွေးချယ်ခန့်အပ်ခြင်း

➔ စခန်းစီမံခန့်ခွဲမှုနှင့်/သို့မဟုတ်ဝန်ဆောင်မှုပေးသူမိတ်ဖက်များ၏စွမ်းဆောင်ရည်မပြည့်ဝမှုကိစ္စရပ်များကိုကိုင်တွယ်ဖြေရှင်းခြင်း

➔ လေ့လာအကဲဖြတ်မှု၊ စောင့်ကြည့်ကြီးကြပ်မှုနှင့် သတင်းစနစ်များကို တည်ထောင်ခြင်းနှင့် ထိန်းသိမ်း စောင့် ရှောက်ခြင်း

➔ လစ်ဟာချက်များကို သတ်မှတ်ဖော်ထုတ်ဖြည့်ဆည်းရန်နှင့် နှစ်ခါပြန်ဆောင်ရွက်မှုများ မဖြစ်အောင် ရှောင်ကြဉ်နိုင်ရန်အတွက် မိတ်ဖက်များနှင့် ဝန်ဆောင်မှုပေးသူများအားလုံးအား စခန်းတွင်းနှင့် စခန်းကြား အဆင့်များတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို လက်လှမ်းမီ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် မျှဝေပေးခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတည်ထောင်၍ တုံ့ပြန်ဆောင်ရွက်ရာတွင် နိုင်ငံအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိအဖွဲ့အစည်းဖြစ်သည့် အစုအဖွဲ့/ကဏ္ဍ၏ ဦးဆောင်အဖွဲ့အစည်းနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပါသည်။ စခန်းများကြား ညှိနှိုင်းဆောင်ရွက်မှုများနှင့် စခန်းများ၏ ကူညီထောက်ပံ့မှု အတိုင်းအတာပမာဏကို စောင့်ကြည့်လေ့လာမှုများ (စခန်းများကြား စံနှုန်းများ ကွာခြားမှု မရှိကြောင်း သေချာစေရန်) အား ထိုအဖွဲ့အစည်း၏ လမ်းညွှန်ပံ့ပိုးမှုအောက်တွင် ဆောင်ရွက်ရမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းမပြုပါက ပံ့ပိုးမှုများကြား ကွဲပြား ခြားနားမှုများ ရှိလာနိုင်ပြီး ဝန်ဆောင်မှုများ သို့မဟုတ် ထောက်ပံ့ပစ္စည်းများ ပိုမိုကောင်းမွန်ပြည့်စုံသော စခန်းများသို့ အခြားသော စခန်းများနှင့် အနီးပတ်ဝန်းကျင်မှ ရပ်ရွာလူထုများအား ပြောင်းရွှေ့လာစေရန် ဆွဲဆောင်ခေါ်ယူသည့် အချက် ဖြစ်လာနိုင်ပါသည်။

## ဝန်ဆောင်မှုပေးသူများ

စခန်းတစ်ခုအတွင်း ဝန်ဆောင်မှုပေးသူများမှာ အမျိုးမျိုး ရှိနိုင်ပြီး INGO များ၊ NGOများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံအာဏာပိုင်များနှင့် ပုဂ္ဂလိက ကဏ္ဍနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ လုပ်ဆောင်သူများ ပါဝင်နိုင်ပါသည်။ ဝန်ဆောင်မှုပေးသူများအနေဖြင့် စခန်းလူထုအတွက် သင့်လျော်သော၊ အချိန်မီထိရောက်သော ကူညီပံ့ပိုးမှုများ ပေးနိုင် အောင် ကူညီပေးရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အဓိကကျသော လုပ်ငန်းတာဝန်တစ်ခု ဖြစ်ပါသည်။ ဝန်ဆောင်မှု ပေးသူများအနေဖြင့် သာတူညီမျှရှိပြီး ဘက်လိုက်ခြင်းကင်းစွာဖြင့် အားလုံးလက်လှမ်းမီ ရရှိနိုင်သော ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ၎င်းတို့အား စွမ်းဆောင်ရည်နှင့် လုပ်ပိုင်ခွင့်များ ပေးသင့်ပါသည်။

စခန်းလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝန်ဆောင်မှုပေးသူများသည် စခန်းလူထုနှင့် စခန်းတွင်းနေထိုင်မှုဘဝ၏ တိကျသော သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ရရှိရန်လိုအပ်ပါသည်။ ထို့ပြင် ဝန်ဆောင်မှုများ ထပ်မနေစေရန်၊ ကွာဟချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် စခန်းလူထုအား ကာကွယ် စောင့်ရှောက်မှုကို ဦးစားပေးရန်အတွက် ဝန်ဆောင်မှုပေးသူများသည် အခြားသော ဝန်ဆောင်မှုပေးသူများ၊ အစုအဖွဲ့/ ကဏ္ဍအလိုက် ဦးဆောင်အဖွဲ့အစည်းများ၊ နိုင်ငံအာဏာပိုင်များနှင့် စခန်းလူထု၏ ကိုယ်စားလှယ်များနှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဝန်ဆောင်မှုပေးသူများမှ ဆောင်ရွက်ပေးသော ကူညီထောက်ပံ့မှုများ၏ စံနှုန်းများကို စောင့်ကြည့်စစ်ဆေးရန်နှင့် အစီရင်ခံရန်မှာလည်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်ပင်ဖြစ်ပါသည်။ ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများ အား စောင့်ကြည့်စစ်ဆေးမှုနှင့် ဆက်နွယ်သည့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍအား နားလည်မှုစာချွန်လွှာ များတွင် ရှင်းလင်းစွာ ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး တရားဝင်ဖြစ်ကာ လေးစားလိုက်နာကြောင်း သေချာစေရန် အတွက် အစုအဖွဲ့/ ကဏ္ဍအလိုက် ဦးဆောင်အေဂျင်စီများမှ ကူညီပံ့ပိုးပေးရမည် ဖြစ်သည်။ စခန်းစီမံခန့်ခွဲမှုဆိုင်ရာ အကောင်းဆုံးကျင့်ထုံးများတွင် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် ပံ့ပိုးကူညီမှုတို့ကို တည်ဆောက်ခြင်းတို့ ပါဝင် နေပါသည်။ အဖွဲ့အစည်းများကြား ပြိုင်ဆိုင်မှု၊ သဟဇာတမဖြစ်သော လုပ်ငန်းအစီအစဉ်များ၊ သဘောချင်း မတိုင်ဆိုင် မှုများ၊ နိုင်ငံရေး သို့မဟုတ် တာဝန်ခံမှု/တာဝန်ယူမှု မရှိခြင်းတို့သည် ဆွေးနွေးညှိနှိုင်းမှုများကို ခက်ခဲစေသော်လည်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ခုသည် ပူးပေါင်းညှိနှိုင်းဆောင်ရွက်များ ဖြစ်ပေါ်လာအောင် အသိပေး ဆွေးနွေးရန် နှင့် စခန်းလူထု၏ ကောင်းကျိုးအတွက် သက်ဆိုင်သူအားလုံး ပူးပေါင်းကာ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ပေးရန် တာဝန်ရှိပါသည်။ စခန်းတစ်ခုရှိ ဝန်ဆောင်မှုများ၏ အတိုင်းအတာ ပမာဏသည် အကြောင်းအမျိုးမျိုးကြောင့် အတက်အကျရှိခြင်း သို့မဟုတ် ပြောင်းလဲခြင်းတို့ ဖြစ်နိုင်ပါသည်။ မည်သည့် အချိန်ကာလ တစ်ခုတွင်မဆို ဝန်ဆောင်မှုများ၏ အနေအထားနှင့် ထိုအနေအထား ရှိနေရသည့် အကြောင်းရင်းများ ကို သိရှိအောင်ပြုလုပ်ပြီး သက်ဆိုင်သူများအားလုံးနှင့်ပတ်သက်၍ သင့်တော်သလို အရေးယူဆောင်ရွက်ရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်ပင်ဖြစ်ပါသည်။

## လုံခြုံရေး အင်အားစုများ

ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် ဒုက္ခသည်စခန်းများနှင့် IDP စခန်းများအား အရပ်ဘက်ဂိသေသလက္ခဏာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဂိသေသလက္ခဏာကို ထိန်းသိမ်း ရန်အတွက် သက်ဆိုင်ရာနိုင်ငံအစိုးရများနှင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်း နေထိုင်သူများ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ပါဝင်ပတ်သက်သူများ၊ ဝန်ဆောင်မှုပေးသူများ၊ အနီးဝန်းကျင်မှ ရပ်ရွာလူထု များ၊ လုံခြုံရေးအင်အားစုများနှင့် လက်တွဲကာ စခန်းတွင်းတွင် အောက်ပါတို့ကို သေချာစေရန် ဆောင်ရွက်ရပါမည် (UNHCR ၊ ၁၉၉၉) -

- တရားဥပဒေစိုးမိုးမှုရှိပြီး စခန်းလူထုအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးခြင်း
- စခန်းလူထုအား အဖျက်အမှောင့်လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိအောင် တားဆီးကာကွယ်ခြင်း
- လက်နက်ကိုင် ပြည်နှင်ဒဏ်ခံအုပ်စုများအား လက်နက်စွန့်စေပြီး စခန်းတွင်းသို့ လက်နက်များ စီးဝင်မှု မှန်သမျှကို ဖြတ်တောက်ခြင်း
- လူသားမဆန်သော ရာဇဝတ်များတွင် ပါဝင်ပတ်သက်မှု၊ စစ်တပ်များတွင် ဆက်လက် ပါဝင်ပတ်သက်နေခြင်း သို့မဟုတ် ဒုက္ခသည်အဖြစ် သတ်မှတ်ချက်နှင့် မကိုက်ညီခြင်း တို့ကြောင့် ဒုက္ခသည်အဖြစ် မသတ်မှတ် နိုင်သော ပြည်နှင်ဒဏ်ခံရသူများနှင့် ဒုက္ခသည် အစစ်အမှန်များအား သီးခြားခွဲထုတ်ထားခြင်း

- ပြည်နှင်ဒဏ်ခံစစ်သားများနှင့် အခြားသော လက်နက်ကိုင်များအား စစ်မှုထမ်းအဖြစ်မှ ထွက်ခွင့်ပြုခြင်း
  ဘေးကင်းလုံခြုံသော စခန်းတစ်ခုဖြစ်စေရန်အတွက် သက်ဆိုင်ရာတိုင်းပြည်နှင့် နိုင်ငံတကာမှ လုံခြုံရေးအင်အားစုများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ လုံခြုံရေးအင်အားစုများ ပါဝင်ဆောင်ရွက်ရာတွင် ရွေးချယ်စရာ သုံးမျိုး ရှိပါ သည် (UN-HCR, ၁၉၉၉) -
- ကာကွယ်ရေးအစီအမံများ ပြုလုပ်ခြင်းနှင့် တရားဥပဒေစိုးမိုးရေး လုပ်ဆောင်နေသော အာဏာပိုင်များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း
- အရပ်သား သို့မဟုတ် ရဲဘက်မှ စောင့်ကြည့်စစ်ဆေးရေး အရာရှိများကို စေလွှတ်တာဝန်ချထားခြင်း
- ငြိမ်းချမ်းရေးတပ်ဖွဲ့ သို့မဟုတ် နိုင်ငံစုံတပ်ဖွဲ့ သို့မဟုတ် ဒေသတွင်းတပ်ဖွဲ့တစ်ဖွဲ့အား စေလွှတ်တာဝန်ချ ထားခြင်း

အချိန်တိုင်းတွင် စခန်းလူထုအား ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့များသည် လူသားချင်းစာနာ ထောက်ထားမှု အခြေခံစည်းမျဉ်းများကို နားလည်လိုက်နာရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် လုံခြုံရေး တပ်ဖွဲ့များ၊ ဝန်ဆောင်မှုပေးသူများ၊ စခန်းလူထုနှင့် ပုံမှန်လက်တွဲလုပ်ဆောင်ရန် လိုအပ်ပါသည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် လူသားချ င်းစာနာထောက်ထားမှုလုပ်ဆောင်သူများနှင့် ပူးပေါင်းညှိနှိုင်းကာ အရပ်ဘက်ဆိုင်ရာတပ်ဖွဲ့ များသို့ အမြန်ဆုံး လွှဲပြောင်းပေးရန် တိုက်တွန်းဆွေးနွေးသင့်ပါသည်။

## ဘေးဒဏ်ခံလူထုအတွက် တာဝန်ခံယူမှု (Accountability to Affected Populations - AAP)

**တာဝန်ခံယူမှု (AAP) ၏ အဓိပ္ပါယ်သတ်မှတ်ချက်များ**

"အဖွဲ့အစည်းတစ်ခုမှ ယင်း၏ ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ချက်များတွင် ပါဝင်ပတ်သက်သူ များ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းထိန်းညှိပေးရန် ကတိကဝတ်ပြုပြီး ထိုကတိအတိုင်း ဆောင်ရွက်သည့် လုပ်ငန်း စဉ်များ ဖြစ်ပါသည်" (တာဝန်ခံမှု/တာဝန်ယူမှုသို့သွားရာ လမ်းကြောင်းများ - GAP မူဘောင် - ၂၀၁၅)

"ကျွန်ုပ်တို့မှ ကူညီပံ့ပိုးပေးသူများကိုရော ကျွန်ုပ်တို့အား အရင်းအမြစ်များကို ပံ့ပိုးပေးနေသူများထံကိုပါ ကျွန်ုပ်တို့သည် တာဝန်ခံယူမှု ရှိရပါမည်" (ကပ်ဘေးကယ်ဆယ်ရေးတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုနှင့် NGO များအတွက် ကျင့်ဝတ်စည်းမျဉ်း ၉၊ SCHR မှ ချမှတ်၊ ၁၉၉၄)

"လူသားချင်းစာနာမှုလုပ်ဆောင်သူများနှင့် အဖွဲ့အစည်းများမှ ၎င်းတို့ ကူညီပံ့ပိုးပေးနေသူများကို ထည့်သွင်းစဉ်းစား ကာ၊ ကောင်းစွာဝန်ဆောင်ပေးပြီး တာဝန်ခံမှုရှိစွာ လုပ်ပိုင်ခွင့်ကို အသုံးချပါမည်ဟု ကတိကဝတ်ပြုမှု"(ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ၂၀၁၃)

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဘေးဒဏ်ခံရသူများနှင့် ရပ်ရွာများအတွက် ၎င်း၏လုပ်ဆောင်ချက်များတွင် တာဝန် ခံယူမှုကို ပြသရမည် ဖြစ်သလို ဝန်ဆောင်မှုပေးသူများ၊ စခန်းအုပ်ချုပ်ရေးအဖွဲ့၊ အလှူရှင်များနှင့် စခန်းလုံခြုံရေး ဆောင်ရွက် ပေးနေသူများကဲ့သို့ စခန်းတွင်းရှိ အခြားပါဝင်ပတ်သက်သူများအားလုံးအတွက်လည်း တာဝန်ခံယူရပါမည်။ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများထံသို့ တာဝန်ခံမှုတွင် အခြေခံ သဘောတရားနှင့် လုပ်ငန်းအစီအမံ နှစ်ခု ရှိပါသည်။ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် နိုင်ငံများမှ ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် တာဝန်ခံကာ တာဝန်ယူစေသည့် သဘောတရားနှင့် လုပ်ငန်းအစီအမံများ နှင့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် နိုင်ငံများသည် အရေးကိစ္စများ၊ တိုင်တန်းမှုများနှင့် အနိုင်အထက်ပြုမှုများကို ဘေးကင်းလုံခြုံစွာ တရားဝင် သတင်းပို့အစီရင်ခံနိုင်ပြီး သင့်တော်သလို အရေးယူဆောင်ရွက်ပေးသည့် သဘောတရားနှင့် လုပ်ငန်းအစီအမံများ ဖြစ်ပါသည်။

စခန်းတည်ထောင်ဝန်ဆောင်မှုတစ်ခုအတွင်းရှိ တာဝန်ခံမှု/တာဝန်ယူမှုသည် အထက်အောက်ရော ဘေးတိုက်ပါ ရှိသင့်ပါသည်။ လက်တွေ့ကွင်းဆင်းဆောင်ရွက်သည့်အဆင့်ရှိ စခန်းစီမံခန့်ခွဲဆိုင်ရာ တာဝန်ဝတ္တရားများကို စဉ်းစားရာတွင် စခန်းစီမံ ခန့်ခွဲမှုအေဂျင်စီသည် အရေးကိစ္စများ၊ အခြေခံလိုအပ်ချက်များ တုံ့ပြန်အကြံပြုမှုများကို မျှဝေပေးသည့် တာဝန်ခံအဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရပါသည်။ ဤနေရာတွင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ရွှေ့ပြောင်းနေထိုင်ရသူများနှင့် အနီးဝန်းကျင်မှ ရပ်ရွာ

လူထုများထံ ဘေးတိုက်တာဝန်ခံမှုရှိပြီး မိခင်အေဂျင်စီ၊ နိုင်ငံအဆင့်အစုအဖွဲ့၊ စခန်းအတွက် လှုပ်ရှားဆောင်ရွက်သော အခြားအေဂျင်စီများ၊ အလှူရှင်များ၊ နိုင်ငံအာဏာပိုင်များနှင့် ဆက်ဆံရာတွင် အထက်အောက် တာဝန်ခံမှုဆိုင်ရာ ကိစ္စရပ်များပေါ်ပေါက်လာပါသည်။ သတင်းပေးပို့ အစီရင်ခံမှု၊ တုံ့ပြန်အကြံပြုမှုနှင့် ဝန်ဆောင်မှုပေးခြင်းများနှင့်ပတ်သက်၍ လိုအပ်သလို ဆက်လက် အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်နေရန် အရေးကြီးပါသည်။

တာဝန်ခံယူမှု (AAP) ဆိုသည်မှာ အဘယ်နည်း၊ မည်သူက အဓိပ္ပါယ်ဖွင့်ဆိုသနည်း၊ အဘယ်ကြောင့်အရေးကြီးသနည်း၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် နေ့စဉ်လုပ်ဆောင်မှုများတွင် တာဝန်ခံယူမှုရှိအောင် မည်သို့လုပ်ဆောင်နိုင်သည်တို့ကို အောက်တွင် ဆွေးနွေးထားပါသည်။ အဓိကတင်ပြမည့်အချက်မှာ ဘေးဒဏ်ခံလူထုထံ တာဝန်ခံယူမှု (AAP) နှင့် သက်ဆိုင်သည့် IASC ၏ ကတိကဝတ်ငါးခုပင်ဖြစ်ပါသည်။

## AAP အား မည်သူ ဖွင့်ဆိုခဲ့သနည်း၊ အရင်းအမြစ်များနှင့် ထောက်ပံ့မှုများကို မည်သူက ပံ့ပိုးပေးပါသနည်း

လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းစဉ်တွင် AAPသည် ပို၍ပို၍အရေးကြီးသော အကြောင်းအရာတစ်ခု ဖြစ်လာခဲ့ပါသည်။ ယင်းအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူလအခြေခံ စည်းမျဉ်းလေးခုဖြစ်သည့် လူသားချင်းစာနာမှု၊ ဘက်မလိုက်မှု၊ ကြားနေမှုနှင့် လွတ်လပ်စွာဆောင်ရွက်မှုတို့ကို ဖြည့်စွက်ထောက်ပံ့ပေးသော နောက်ထပ် အခြေခံမှုတစ်ခုအဖြစ် အသိအမှတ်ပြုလာကြပါသည်။ AAP သည် IASC မှ ဦးဆောင်သည့် အသွင်ကူးပြောင်းရေး လုပ်ငန်းအစီအစဉ်၏ မူလမဏ္ဍိုင်ကြီးတစ်ခုလည်း ဖြစ်ပါသည်။

AAP ၏အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ တစ်ခုထက်မကရှိပြီး လက်တွေ့ဆောင်ရွက်ရန်အတွက် လိုအပ်သောထောက်ပံ့ကူညီမှုများ၊ လမ်းညွှန်များနှင့် မှုဘောင်များကို ပံ့ပိုးပေးနေသည့် အဖွဲ့အစည်းများလည်း အများအပြားရှိနေပါသည်။

## AAP နှင့်ပတ်သက်၍ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေဖြင့် မည်သည်တို့ကို လုပ်ဆောင်ရန် လိုအပ်ပါသနည်း

**ဓလေ့ထုံးစံများ ပြောင်းလဲလာခြင်း** - AAP သည် 'ကျွန်ုပ်တို့ ဆောင်ရွက်ရမည့်' လုပ်ငန်းများ မဟုတ်ဘဲ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများနှင့်ပတ်သက်၍ `ကျွန်ုပ်တို့ မည်သို့တွေးခေါ်ရမည်´ ဟူသည့် တွေးခေါ်မှုပုံစံ ပြောင်းလဲမှုတစ်ခုပင် ဖြစ်ပါသည်။ ယင်းသည် ကျွန်ုပ်တို့ တွေးခေါ်သည့်ပုံစံနှင့် အခြားသူများနှင့်တွဲကာ အလုပ်လုပ်သည့်ပုံစံ ဖြစ်ပါသည်။ AAP သည် စခန်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ချက်များအားလုံးအတွက် အခြေပြုသင့်သော မူဝါဒတစ်ခုဖြစ်သည်။ AAP တွင် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများကို ကြိုတင်ဆုံးဖြတ်သတ်မှတ်ထားသည့် ပုံစံမှ စခန်းလူထု၏ အရေးကိစ္စများကို အဓိကထည့်သွင်းစဉ်းစားကာ အစီအစဉ်ရေးဆွဲသည့်ပုံစံသို့ ကူးပြောင်းသွားပါသည်။

**အခွင့်အာဏာ ခွဲဝေမှု** - ကပ်ဘေးများ၊ ပဋိပက္ခများ သို့မဟုတ် အခြားသော အရေးပေါ်အခြေအနေများ၏ ဒဏ်ကို ခံရသူ များအား ကူညီပံ့ပိုးသည့် အဖွဲ့အစည်းများတွင် အခွင့်အာဏာရှိပြီး ဘေးဒဏ်သင့်သူများမှာမူ ယေဘုယျ အား ဖြင့် မိမိတို့ကိုယ်ကို ထိန်းချုပ်နိုင်စွမ်း သို့မဟုတ် ဩဇာလွှမ်းမိုးနိုင်စွမ်း မရှိကြပါ။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီများအား ၎င်းတို့၏ လုပ်ဆောင်မှု (သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှု) အတွက် တာဝန်ခံမှု ရှိအောင် ဘေးဒဏ်ခံလူထု အနေဖြင့် ဆောင်ရွက်ရန် ခက်ခဲကြပါသည်။ တာဝန်ခံမှုရှိသော စခန်းစီမံခန့်ခွဲမှုအေဂျင်စီတစ်ခု ဖြစ်လိုပါက အေဂျင်စီ နှင့် စခန်းလူထုကြားတွင် ရှိနေသည့် အာဏာထိန်းညှိမှုများကို သိရှိနားလည်ကာ ပြန်လည်ဖွင့်ဆိုသတ်မှတ်ပေးရန် လိုအပ်ပါသည်။

**နားထောင်ပေးခြင်း** - တာဝန်ခံယူမှုရှိသော စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလူထုနှင့် အခြားသော ပါဝင်ပတ်သက် သူများ၏ အရေးကိစ္စများကို စနစ်ကျသော နည်းလမ်းများဖြင့် နားထောင်ပေးပြီး အဓိကကျသော ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းစဉ်များတွင် ဘေးဒဏ်ခံရသူများအား အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်စေပါသည်။ ဘေးဒဏ်ခံရသူများ၏ ဂုဏ်သိက္ခာ ရှိမှုကို အသိအမှတ်ပြုလေးစားကာ ပွင့်လင်းမြင်သာသည့် နှစ်လမ်းသွားဆက်သွယ်မှုရှိအောင် ဆောင်ရွက်ပေးပါသည်။ ဘေးဒဏ်ခံလူထုတွင်း အမျိုးမျိုး ကွဲပြားသော လူအုပ်စုများ၏ ပါဝင်မှုနှင့် ယင်းတို့၏ အမျိုးမျိုးကွဲပြားသော လိုအပ်ချက်များ၊ စွမ်းရည်များ၊ အရေးကိစ္စများရှိနေမှု၊ ထိုကွဲပြားမှုများအား ကျွန်ုပ်တို့ မည်သို့ တုံ့ပြန်ဖြည့်ဆည်း ပေးမည် ဆိုသည်တို့မှာ တာဝန်ခံမှု၏ အဓိကကျသော အပိုင်းပင် ဖြစ်ပါသည်။

**လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲခြင်း** - နားထောင်ပေးမှုတစ်ခုတည်းဖြင့် မလုံလောက်ဘဲ စခန်းလူထု သို့မဟုတ် အခြား ပါဝင်ပတ်သက်သူများက ပြောင်းလဲမှုများ လိုအပ်နေကြောင်း ထောက်ပြလာသောအခါ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသာမက စခန်းများရှိ ဝန်ဆောင်မှုပေးသူများသည် အစီအစဉ်များနှင့် ဝန်ဆောင်မှုများကို လိုက်လျောညီထွေ ပြောင်းလဲပေးရန် အသင့်ရှိနေရပါမည်။

**စကားပြောဆိုခြင်း** - စခန်းလူထုအပေါ် သက်ရောက်နိုင်သော စခန်းစီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်လုပ်ဆောင် မှုများအား ပွင့်လင်းမြင်သာစွာ ဆက်သွယ်ပြောကြားရန် လိုအပ်ပါသည်။ လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီး နောက်တွင် ထိုပြောင်းလဲမှုများကို ဆက်သွယ်ပြောကြားပေးရန် လိုအပ်ပါသည်။ ပွင့်လင်းမြင်သာသော စခန်းစီမံခန့်ခွဲမှု လုပ်ငန်း စဉ်တစ်ခုသည် AAP ၏ အခြေခံဖြစ်ပါသည်။

**တာဝန်ယူခြင်း** - စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် တုံ့ပြန်ဆောင်ရွက်ပေးမှုများ အရည်အသွေးပြည့်ဝကြောင်း သေချာ စေပြီး သင့်လျော်သောရလဒ်များကို ထွက်ပေါ်စေကာ ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ပါကလည်း ယင်းအား အသိ အမှတ်ပြုကာ တာဝန်ယူရန် လိုအပ်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ရိုးဖြောင့်မှုရှိပြီး ပြုထားသော ကတိကဝတ် များကိုလည်း တည်ရပါမည်။ တာဝန်ခံယူမှုရှိသော စခန်းစီမံခန့်ခွဲမှု အေဂျင်စီများသည် အချိန်ကာလ ရွေ့လျား လာသည်နှင့်အမျှ လေ့လာသင်ယူကာ အလိုက်သင့်ပြောင်းလဲပြုပြင်ပြီး ယင်းတို့၏ အလုပ်များကို ပြန်လှန်သုံးသပ်ရန် အတွက် စခန်းလူထုနှင့် တိုင်ပင်ဆွေးနွေးကာ ခိုင်မာသော စောင့်ကြည့်လေ့လာမှုနှင့် ပြန်လှန်သုံးသပ်စစ်ဆေးမှု လုပ်ငန်းစဉ်များကို တည်ထောင်ကြပါသည်။

**အရည်အသွေး ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း** - ဘေးဒဏ်ခံလူထုထံ တာဝန်ခံယူသည့် အဖွဲ့အစည်းများသည် လူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အမှားအယွင်းများ၊ အလွဲသုံးမှုများနှင့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများကို လျှော့ချရန်အတွက် အရည်အသွေးပြည့်ဝသော အစီအစဉ်များကို ချမှတ် ဆောင်ရွက်ကြပါသည်။ တာဝန်ခံမှု/ တာဝန်ယူမှု လုပ်ငန်းစဉ်များ ပေါ်ပေါက်လာပြီး ထိရောက်စွာ စီမံခန့်ခွဲနိုင်ပါက ထို အဖွဲ့အစည်းများသည် စွမ်းဆောင်ရည် ပိုမိုပြည့်ဝလာပြီး လူထုများအား ကာကွယ်စောင့်ရှောက်ကာ လူများ၏ ရပိုင်ခွင့် များနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးပါသည်။

## စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အဘယ်ကြောင့် တာဝန်ခံယူမှု ရှိသင့်ပါသနည်း

ဘေးဒဏ်ခံလူထုများအတွက် တာဝန်ခံယူလိုစိတ် ထက်သန်စေသော အဓိက စေ့ဆော်ချက် လေးချက်ရှိပါသည်။

- ➔ တန်ဖိုးများ - စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် တာဝန်ခံယူမှုရှိသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် လုပ်သင့် လုပ်ထိုက်သော အရာတစ်ခုဖြစ်ပြီး ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာမှုဆိုင်ရာ တန်ဖိုးများနှင့်လည်း ကိုက်ညီမှုရှိပါသည်။
- ➔ လုပ်ငန်းလည်ပတ်မှု - AAP သည် ပိုမိုတိကျသော ဦးတည်ချက်များနှင့် ပိုမိုသင့်တော်သော လုပ်ဆောင်ချက် များကို ဖြစ်ပေါ်စေခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှု အစီအစဉ်များနှင့် စခန်းစီမံခန့်ခွဲမှုတို့၏ ရည်ရွယ်ချက်များကို ပိုမိုထိရောက်စွာ ပြည့်မီအောင်မြင်စေပါသည်။
- ➔ လွတ်မြောက်စေမှု - AAP ၏ ကဏ္ဍအသီးသီးသည် လူမှု ပေါင်းစည်းညီညွတ်မှုကို အားကောင်းစေပြီး ပိုမိုကျယ်ပြန့်သော အခွင့်အာဏာခွဲဝေမှုမှတစ်ဆင့် အန္တရာယ်ကျရောက်လွယ်မှုများ နှင့် တန်းတူညီမျှ မရှိမှုများ ကို ကိုင်တွယ်ဖြေရှင်းနိုင်ပါသည်။
- ➔ ‘စံ’အဖြစ် သတ်မှတ်ထားမှု - နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း အများအပြားစုနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအားလုံးသည် AAP ၏ အတွင်းနှင့်အပြင် ကတိကဝတ်များအား သဘောတူညီထားကြပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် တာဝန်ခံယူမှုရှိသော တုံ့ပြန်ဆောင်ရွက်မှု တစ်ခုဖြစ်စေရန် ဆောင်ရွက်သောအခါ ဤစေ့ဆော်ချက်များအားလုံးကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ သို့သော် ဤနေရာတွင် ကျွန်ုပ်တို့သည် စံအဖြစ် သတ်မှတ်ထားသော လုပ်ငန်းစဉ်များနှင့် ယင်းတို့တွင် ယေဘုယျအားဖြင့်ပါဝင်သော လမ်းညွှန်မှုများကို အဓိကထား ပါသည်။ ထိုအထဲတွင် အဖွဲ့အစည်းများမှ ချမှတ်ထားသော ကျင့်ဝတ်စည်းမျဉ်းများ၊ HAP စံနှုန်း၊ Sphere Project စံနှုန်းများနှင့် တာဝန်ခံမှုဆိုင်ရာ IASC ကတိကဝတ်များ (IASC Commitments on Accountability) ကဲ့သို့သော အသွင်ကူးပြောင်းမှု လုပ်ငန်းအစီအစဉ်၏ လုပ်ငန်းလမ်းညွှန်များ ပါဝင်ပါသည်။ သို့သော်လည်း အခြား စေ့ဆော်ချက်များ၏ အရေးပါမှုကို လျှော့တွက်ခြင်းမဟုတ်ပါ။

အကောင်းဆုံး ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းကို ရွေးချယ်နိုင်ရန်နှင့် ရည်ရွယ်ချက်များ ပြည့်မြောက်ရန်အတွက် ချမှတ်လိုက်သော ဆုံးဖြတ်ချက်များ၏ အဓိကစေ့ဆော်ချက်များကို ပေါင်းစပ်ကာ ဖေဖန်ဆန်းစစ်ခြင်းမှာ အလွန်အသုံးဝင်ပြီး ဤနည်းဖြင့် တာဝန်ခံယူမှုရှိသော စခန်းစီမံခန့်ခွဲမှုကို ဖြစ်ပေါ် စေပါသည်။

## တာဝန်ခံယူမှုရှိကြောင်း သေချာစေရန် မည်သို့ ဆောင်ရွက်မည်နည်း

IASCသည် အဖွဲ့အစည်းများအကြား လူသားချင်းစာနာမှုထောက်အထားဆိုင်ရာ ကူညီထောက်ပံ့မှုများအား ညှိနှိုင်းဆောင်ရွက် ရန်အတွက် အခြေခံကျသော လုပ်ငန်းယန္တရားပင် ဖြစ်ပါသည်။ IASC ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ခွဲသည် လူသားချင်းစာနာထောက်ထားမှုအစီအစဉ်စက်ဝန်းကိုအခြေခံကာဘေးဒဏ်ခံလူထုသို့တာဝန်ခံယူမှုအတွက်အဓိကကျသောကတိကဝတ်များ (commitments for accountability to affected populations - CAAP) နှင့် လုပ်ငန်း လည်ပတ်မှု မူဘောင်တစ်ခုကို ပြုစုခဲ့ပါသည်။ ယခုအခါ ယင်းတို့အား အသွင်ကူးပြောင်းမှု လုပ်ငန်းအစီအစဉ်၏ လုပ်ငန်းလမ်းညွှန်များအဖြစ် IASC မှ အတည်ပြုပြီးဖြစ်ကာ (ယင်းနှင့်ဆက်နွယ်နေသော နည်းလမ်းများနှင့်အတူ) အကျယ်ပြန့်ဆုံး လက်ခံကြသော စံမူဘောင်တစ်ခု ဖြစ်လာပါသည်။

ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ဦးဆောင် INGO များနှင့် ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှုများသည် ၎င်းတို့၏ IASC အဖွဲ့ဝင်များမှတစ်ဆင့် ဤအဓိက မူဝါဒများအား အဖွဲ့အစည်း၏ ထုတ်ပြန်ချက်များ၊ မူဝါဒများနှင့် လုပ်ငန်းလမ်းညွှန်များထဲသို့ ပေါင်းစပ်ထည့်သွင်းရန် ကတိပြုထားကြပါသည်။ ထိုကတိကဝတ်များအား လက်တွေ့ အကောင်အထည် ဖော်နိုင်မည့် အစီအစဉ်များကို ရေးဆွဲကြရန်လည်း ကတိပြုခဲ့ကြပါသည်။ တုံ့ပြန်အကြံပြုမှု လုပ်ငန်းယန္တရားများအား တိုင်းပြည်၏ မဟာဗျူဟာများ၊ စီမံချက် အဆိုပြုလွှာများနှင့် ဘေးဒဏ်ခံလူထုကို ကူညီပံ့ပိုးနိုင်သည့် အခြားသော နည်းလမ်းများအတွင်းသို့ ပေါင်းစပ်ထည့်သွင်းလာအောင် လုပ်ဆောင်ရမည် ဖြစ်သည်။

## IASC ၏ ဘေးဒဏ်ခံလူထုသို့ တာဝန်ခံယူမှုဆိုင်ရာ ကတိကဝတ်ငါးခု (Commitments on Accountability to Affected Populations - CAAP)

ဘေးဒဏ်ခံလူထုသို့ တာဝန်ခံယူမှုဆိုင်ရာ ကတိကဝတ်ငါးခုသည် စခန်းစီမံခန့်ခွဲမှုအေဂျင်စီများအပါအဝင် လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများမှ တာဝန်ခံယူမှုရှိသင့်သည့် အောက်ပါနယ်ပယ်များကို မီးမောင်းထိုးပြထား ပါသည်။

## ခေါင်းဆောင်မှု/အုပ်ချုပ်ရေးလုပ်ငန်းစဉ်

တုံ့ပြန်အကြံပြုမှုနှင့် တာဝန်ခံမှု လုပ်ငန်းယန္တရားများအား တိုင်းပြည်၏ မဟာဗျူဟာများ၊ အစီအစဉ် အဆိုပြုလွှာများ၊ စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်ဆန်းစစ်မှုများ၊ ဝန်ထမ်းခေါ်ယူမှု၊ ခန့်အပ်တာဝန်ပေးမှု၊ သင်တန်းများနှင့် စွမ်းဆောင်ရည် စီမံခန့်ခွဲမှု၊ မိတ်ဖက်ပြုမှု သဘောတူညီချက်များ အတွင်းသို့ ပေါင်းစပ်ထည့်သွင်းခြင်းနှင့် အစီရင်ခံစာများတွင် အလေးပေးဖော်ပြခြင်းဖြင့် ဘေးဒဏ်ခံလူထုအတွက် တာဝန်ခံယူပါမည်ဟူသော ကတိကဝတ်များကို တည်ကြောင်း ပြသရမည် ဖြစ်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် AAP တွင် ခေါင်းဆောင်မှုကဏ္ဍမှ ပါဝင်ဆောင်ရွက်ရပါမည်။ ၎င်းတွင် စခန်းတွင်းနှင့် စခန်းပြင်ပရှိ ပါဝင်ပတ်သက်သူ အမျိုးမျိုးသို့ တာဝန်ခံယူမှုများစွာ ရှိပါသည်။ အခြားသူများထံ တာဝန်ခံယူရန် အလေး ဂရုပြုသလောက် စခန်းလူထုထံ တာဝန်ခံယူမှုကိုလည်း အလေးထားကြကြောင်း သေချာအောင်ပြုလုပ်ရန်မှာ စခန်း စီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်သာ ဖြစ်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ဘေးဒဏ်ခံလူထုများထံ တာဝန်ခံမှုနှင့် စပ်လျဉ်း၍ ခေါင်းဆောင်မှုကို မည်သို့ ပြသနိုင် မည်နည်း

- ➔ တုံ့ပြန်အကြံပြုမှုနှင့် တာဝန်ခံယူမှု လုပ်ငန်းယန္တရားများအား တိုင်းပြည်၏ မဟာဗျူဟာများ၊ အစီအစဉ် အဆိုပြုလွှာများ၊ စောင့်ကြည့်လေ့လာမှုနှင့် ပြန်လှန်သုံးသပ်စစ်ဆေးမှုများ၊ ဝန်ထမ်းခေါ်ယူမှု၊ ခန့်အပ် တာဝန်ပေးမှု၊ သင်တန်းများနှင့် စွမ်းဆောင်ရည် စီမံခန့်ခွဲမှု၊ မိတ်ဖက်ပြုမှု သဘောတူညီချက်များ အတွင်းသို့ ပေါင်းစပ်ထည့်သွင်းခြင်းနှင့် အစီရင်ခံစာများတွင် အလေးပေးဖော်ပြခြင်းတို့ကို သေချာစေခြင်း
- ➔ တူညီသော သို့မဟုတ် ဆင်တူသော အခြေအနေများရှိ စခန်းစီမံခန့်ခွဲမှုအေဂျင်စီများ၏ အကောင်းဆုံး ဆောင်ရွက်ပုံများကို မျှဝေခြင်းနှင့် လေ့လာသင်ယူခြင်း
- ➔ ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်များနှင့် ကောင်းမွန်သော လက်တွေ့အသုံးပြုရန် နည်းလမ်းများကို လေ့လာ သင်ယူခြင်း နှင့်

နမူနာယူ ဆောင်ရွက်ခြင်း

- တတ်နိုင်သမျှ အကျွမ်းကျင်ဆုံး ဝန်ထမ်းများကို ငှားရမ်းကာ ၎င်းတို့၏ တာဝန်ဝတ္တရားများအား ထမ်းဆောင်ရာတွင် စွမ်းဆောင်ရည် ပြည့်ဝကြောင်း သေချာစေခြင်း
- မိတ်ဖက်များမှ တုံ့ပြန်အကြံပြုမှုများကို အစီရင်ခံ တင်ပြပြီး ဝန်ဆောင်မှုရလဒ်များနှင့်ပတ်သက်၍ လိုအပ် သည်များကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သေချာစေခြင်း
- စခန်းညှိနှိုင်းရေးမှူးများနှင့် ဝန်ဆောင်မှုပေးသူများအား AAP သဘောထားများနှင့် ချဉ်းကပ်ဆောင်ရွက်ပုံ နည်းလမ်းအသစ်များကို စူးစမ်းရှာဖွေလေ့လာခွင့်ပြုခြင်း
- ပြောင်းလဲသွားသော အခြေအနေနှင့်အညီ လိုက်လျောညီထွေ ပြင်ဆင်ပြောင်းလဲခွင့်ပြုရန် အလှူရှင်များ အား တောင်းဆိုခြင်း
- AAP စည်းမျဉ်းများအား အစိုးရ သို့မဟုတ် စခန်းတွင်းရှိ ဝန်ဆောင်မှုပေးသူများအပါအဝင် အခြားသော ပါဝင် ပတ်သက်သူများအား ရှင်းလင်းပြောပြခြင်း
- AAP သည် စခန်းတွင်းရှိ ဝန်ဆောင်မှုပေးသူများနှင့် အခြားသူများ၏ လုပ်ငန်းဆောင်ရွက်ပုံများ မည်သို့ ပြောင်းလဲစေခဲ့သနည်း ဟူသည်ကို မေးခွန်းထုတ်ခြင်း

## ပွင့်လင်းမြင်သာမှု

ဘေးဒဏ်ခံလူထုသည် သတင်းအချက်အလက်များ ပြည့်စုံစွာသိရှိကာ ဆုံးဖြတ်ချက်များနှင့် ရွေးချယ်မှုများကို ချမှတ်ပြုလုပ်နိုင်ရန်အတွက် ၎င်းတို့အပေါ် သက်ရောက်နိုင်သော အဖွဲ့အစည်း၏လုပ်ထုံးလုပ်နည်းများ၊ဖွဲ့စည်းပုံများနှင့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အချိန်မီ လက်လှမ်းမီ ရရှိစေရပါမည်။ သတင်း အချက်အလက်ပေးခြင်းအတွက် အဖွဲ့အစည်းနှင့် ဘေးဒဏ်ခံလူထုကြား အပြန်အလှန် ဆွေးနွေးပြောဆိုနိုင်အောင် ပံ့ပိုး ကူညီရပါမည်။

စခန်းလူထုတွင် ၎င်းတို့ကိုယ်စား ဆောင်ရွက်ပေးသော လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့် တိကျသော သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ရရှိပိုင်ခွင့် ရှိပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် မည်သည့် အစီအစဉ်များ ရေးဆွဲနေသည်၊ မည်သည်တို့ကို လုပ်ဆောင်နေသည်ကို ပွင့်လင်းမြင်သာရှိခြင်းသည် တာဝန်ခံယူမှု ရှိရန် အတွက် ပထမခြေလှမ်းပင် ဖြစ်ပါသည်။ လူထုသည် မည်သည်ကို မျှော်လင့်နိုင်ကြောင်း သိရှိသောအခါ ထိုသို့ အမှန် တကယ် ဖြစ်နိုင်ခြင်း ရှိ၊ မရှိ အပြုသဘောဆန်သော တုံ့ပြန်အကြံပြုမှုများကို ပေးနိုင်ပါသည်။ စိတ်ချယုံကြည်ရသော သတင်းအချက်အလက်များကို အချိန်မီရရှိခြင်းသည် စိုးရိမ်သောကများကို လျှော့ချနိုင်ပြီး လူထု၏ တာဝန်ယူမှုနှင့် ကိုယ်ပိုင်အဖြစ် ခံယူမှုတို့အတွက် အရေးပါသော အခြေခံအုတ်မြစ်ပင်ဖြစ်ပါသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် မည်သည်တို့ကို လုပ်ဆောင်ရမည်နည်း၊ ထိုလုပ်ဆောင်မှုများကို မည်သို့ ဆက်သွယ် သိရှိစေမည်နည်း

- စခန်းလူထုသည် သတင်းအချက်အလက်များအား မည်သို့ လက်ခံရယူလိုကြောင်း သိရှိအောင် ဆောင်ရွက် ကာ ထိုနည်းလမ်းကို အသုံးပြုခြင်း
- ရုံးချုပ်အစီရင်ခံစာများ၊ အခြေအနေအစီရင်ခံစာများနှင့် အလှူရှင်အစည်းအဝေးများအတွက် အချိန်ပေးသည့် နည်းတူ သတင်းအချက်အလက် ဖြန့်ဝေသည့် ပစ္စည်းများ ပြုစုခြင်းနှင့် ဖြန့်ဝေခြင်းအတွက်လည်း အချိန်ပေး ဆောင်ရွက်ခြင်း
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ၊ လုပ်ပိုင်ခွင့်တာဝန် နှင့် စီမံချက်များ အကြောင်း အသိပေးခြင်း
- စခန်းလူထု၏ ရပိုင်ခွင့်များ၊ အခွင့်အရေးများနှင့် ကူညီပံ့ပိုးမှုများကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် ရယူနိုင်ကြောင်း အသိပေးခြင်း
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် မည်သည့်ဆုံးဖြတ်ချက်များကို မည်သို့၊ မည်သည့်အတွက်ကြောင့် ချမှတ်ခဲ့ ကြောင်း ရှင်းလင်းပြောပြခြင်း
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီအပါအဝင် အဖွဲ့အစည်းများ၏ အမည်၊ ယင်း၏ ဝန်ထမ်းများနှင့် စီမံချက်များကို စခန်းလူထု သိရှိခြင်း ရှိ၊မရှိ မေးမြန်းခြင်း

## တုံ့ပြန်အကြံပြုမှုနှင့် တိုင်တန်းမှုများ

အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရာတွင် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ တိုးတက်ကောင်းမွန်စေရန်အတွက် ဘေးဒဏ်ခံလူထု၏ အမြင်များအား အားကြိုးမာန်တက် ရယူရပါမည်။ မူဝါဒ ချိုးဖောက်မှုများနှင့် ပါဝင် ပတ်သက်သူများ၏ မကျေနပ်ချက်များနှင့်ပတ်သက်သည့် တိုင်တန်းမှုများကို ကိုင်တွယ်ဖြေရှင်း (ဆက်သွယ်၊ လက်ခံ၊ စီမံ၊ တုံ့ပြန်၊ သင်ယူ) နိုင်စေရန်အတွက် တုံ့ပြန်အကြံပြုမှုနှင့် တိုင်တန်းမှု လုပ်ငန်းအစီအမံအား ရိုးရှင်းလွယ်ကူကာ သင့်တော်ခိုင်မာမှုရှိအောင် ဆောင်ရွက်ရပါမည်။ ဘေးဒဏ်ခံရသူများမှ တင်ပြလာသည့် လူ့အခွင့်အရေးဆိုင်ရာ၊ ဥပဒေ ရေးရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် အခြားသက်ရောက်မှုများ ရှိနိုင်မည့် ချိုးဖောက်မှုများနှင့် ကိုယ်ထိလက်ရောက် အနိုင်အထက်ပြုမှုတို့နှင့် ပတ်သက်သည့် ကိစ္စရပ်များအား စီမံချက်များနှင့် သက်ဆိုင်သည့် တိုင်တန်းချက်များကို လက်ခံသည့်နေရာတွင်ပင် လက်ခံသင့်သော်လည်း ယင်းကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းသည့် လုပ်ထုံးလုပ်နည်းများ ကိုမူ သင့်တော်သလို ပြုပြင်ပြောင်းလဲ ဆောင်ရွက်သင့်ပါသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီများအနေဖြင့် ယင်းတို့သည် စခန်းလူထု၏ လိုအပ်ချက်များနှင့် အရေးကိစ္စများကို သဘောတူညီထားသည့်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိ နားလည်သိရှိရန် အရေးကြီးပါသည်။ တုံ့ပြန် အကြံပြုမှုများအား စုဆောင်းရန်၊ သုံးသပ်ရန်နှင့် အရေးယူဆောင်ရွက်ရန် လိုအပ်ပြီး ထိုလုပ်ဆောင်ချက်များ၏ ရလဒ် များကို လူထုထံ အသိပေးရပါမည်။ ဤသည်မှာ တုံ့ပြန်အကြံပြုမှု ကွင်းဆက် (feedback loop) ပင် ဖြစ်ပါသည်။ မကျေနပ်ချက်များ တိုင်ကြားမှု လုပ်ငန်းအစီအမံများမှာ ဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုများနှင့် ပတ်သက်၍ တုံ့ပြန်အကြံပြုမှုများ သို့မဟုတ် တိုင်ကြားမှုများပြုလုပ်နိုင်ရန် ပုံစံရေးဆွဲထားသည့်စနစ်များနှင့်လုပ်ထုံးလုပ်နည်းများဖြစ်ပါသည်။ဝေဖန်အကြံပြုချက်များကိုထက်သန်လိုလားစွာတောင်းဆိုလိုက်ခြင်းသည် နှိမ့်ချမှု၊ အမှားများ ပြုလုပ် မိနိုင်ကြောင်းကို လက်ခံမှု၊ နားထောင်ပေးကာ တိုးတက်အောင် လုပ်ဆောင်လိုမှုကိုသာမက စခန်း၏ အဆင်ပြေ ချောမွေ့နေသော အပိုင်းကဏ္ဍများကိုပါ သတ်မှတ်ဖော်ထုတ်လိုမှုတို့ကို အခိုင်အမာ ထုတ်ဖော်ပြသခြင်းပင် ဖြစ်ပါ သည်။ တိုင်ကြားမှုနှင့် တုံ့ပြန်အကြံပြုမှု စနစ်နှစ်ခုစလုံး ထိရောက်စွာ လည်ပတ်နိုင်ရန်အတွက် ယင်းတို့အား နားလည်သိရှိယုံကြည်ကာ အသုံးပြုနေကြောင်း သေချာစေရန်အတွက် စနစ်တကျ ရှင်းလင်းတင်ပြမှု နှင့် ဆက်သွယ်မှု နည်း ဗျူဟာများ လိုအပ်ပါသည်။ တာဝန်ခံမှု/တာဝန်ယူမှု ရှိကြောင်းသေချာစေရန်အတွက် စခန်းလူထုအား မည်သို့ နားထောင်ပေးကာ စကားပြော မည်နည်း

- ➔ တုံ့ပြန်မှုနှင့် တိုင်ကြားမှု လမ်းကြောင်းမျိုးစုံကို တည်ထောင်ထားခြင်း
- ➔ တုံ့ပြန်မှုလုပ်ငန်း အစီအမံများကို တည်ထောင်သောအခါ ရရှိနိုင်သော နည်းပညာများ၊ စာတတ်မြောက်မှုနှင့် လက်လှမ်းမီ အသုံးပြုနိုင်မှုများကို ထည့်သွင်းစဉ်းစားခြင်း
- ➔ လူများ မည်သို့ တိုင်ကြားလေ့ရှိသည်ကို သိရှိအောင် ဖော်ထုတ်ခြင်း၊ တီထွင်ဖန်တီးခြင်းနှင့် သုနာပြုများ၊ ဆရာ၊ ဆရာမများနှင့် လူထုခေါင်းဆောင်များမှတစ်ဆင့် လမ်းကြောင်းအမျိုးမျိုးကို အသုံးပြုခြင်း
- ➔ `တုံ့ပြန်အကြံပြုမှုကွင်းဆက်' တွင် ဟာနေသည့်နေရာ မရှိအောင် ဆောင်ရွက်ခြင်း´ - တုံ့ပြန်အကြံပြုမှုများကို စဉ်းစားသုံးသပ်ပေးရန် လိုအပ်ပြီး အကြံပြုချက်တစ်ခုအား ပယ်ချမည်ဆိုပါကလည်း အကြောင်းရင်းကို လူထု အား အသိပေးရန် လိုအပ်ပါသည်။ ပြောင်းလဲမှုများကို ပြုလုပ်မည်ဆိုလျှင်မူ ထိုပြောင်းလဲမှုများသည် `တုံ့ပြန်အကြံပြုမှုကွင်းဆက်' အသစ်တစ်ခုကို အစပြုနိုင်ပါသည်။
- ➔ မည်သူသည် မည်သည်ကို တုံ့ပြန်ဆောင်ရွက်ရမည်ကို သိရှိရန် ဝန်ဆောင်မှုပေးသူများကြား တူညီသော လွှဲပြောင်းညွှန်းပို့မှုစနစ်တစ်ခုကို တည်ထောင်ခြင်း
- ➔ ထိရှလွယ်သည့် ကိစ္စရပ်များအတွက် တုံ့ပြန်အကြံပြုမှုများအား လုံခြုံ၍ သီးသီးသန့်သန့်စွာ ပြုလုပ်နိုင်သော လမ်း ကြောင်းများ ထားရှိပေးခြင်း
- ➔ လိင်မှုဆိုင်ရာ သို့မဟုတ် အခြားသော အနိုင်အထက်ပြုမှု၊ ခေါင်းပုံဖြတ်မှု သို့မဟုတ် အဂတိလိုက်စားမှုများကို တိုင်ကြားမှုများအား အခြားသော တိုင်ကြားမှုများကဲ့သို့ ကိုင်တွယ်၍ မရနိုင်ကြောင်း သိရှိခြင်း
- ➔ လက်တွေ့ကျကျဆောင်ရွက်ခြင်း၊ မည်သည့်အရာကိုမျှ ပံ့ပိုးပေးမည်ဟု ကတိမပေးခြင်း သို့မဟုတ် မည်သည့် ကိစ္စကိုမျှ ဖြေရှင်းပေးမည် ဟု ကတိမပေးခြင်း
- ➔ အရေးကြီးသော သို့မဟုတ် ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော တုံ့ပြန်အကြံပြုချက်များကို လုပ်ဖော်ကိုင်ဖက်များ အား မျှဝေပေးခြင်း
- ➔ စခန်းလူထုမှ အကြံပြုပါက ချဉ်းကပ်ဆောင်ရွက်ပုံများကို ပြောင်းလဲခြင်း

## လူထုပါဝင်ဆောင်ရွက်မှု

ဘေးဒဏ်ခံလူထုအား ၎င်းတို့အပေါ် သက်ရောက်နိုင်သည့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန် သင့်တော်သော လမ်းညွှန်များနှင့် ကျင့်ထုံးများကို ရှင်းလင်းစွာ ချမှတ်ပေးရပါမည်။ အချို့ငွဲဆုံး နှင့် ဘေးဒဏ်အခံရဆုံးသူများအား ကိုယ်စားပြုမှုနှင့် ထိုသူများ၏ လွှမ်းမိုးသက်ရောက်နိုင်မှုကို သေချာအောင် ဆောင် ရွက်ပေးရပါမည်။ AAP နှင့် စပ်လျဉ်းသည့် လူထုပါဝင်ဆောင်ရွက်မှု၏ အဓိပ္ပါယ်သည် အခန်း ၃ - လူထု ပါဝင်ဆောင်ရွက်မှု - တွင် ဆွေး နွေးထားသည့် စခန်းတွင်းရှိ ယေဘုယျ လူထုပါဝင်ဆောင်ရွက်မှုထက် အနည်းငယ်ပို၍ ကန့်သတ်မှုများ ရှိပါသည်။ တာဝန်ခံမှု ရရှိရန်အတွက် လူထုအား ပါဝင်ဆောင်ရွက်စေမှုသည် စခန်းစီမံခန့်ခွဲမှု၏ အဆင့်များအားလုံးဖြစ်သည့် စခန်းနေရာနှင့် စခန်းအား ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ လေ့လာဆန်းစစ်မှုများ၊ အကောင်အထည်ဖော်မှုများ၊ စောင့်ကြည့် လေ့လာမှုနှင့် သုံးသပ်စစ်ဆေးမှုနှင့် စခန်းပိတ်သိမ်းမှုတို့တွင်ပါဝင်ဆောင်ရွက်စေခြင်းမျိုးဖြစ်သင့်ပါသည်။ လူထုပါဝင်ဆောင်ရွက်မှုသည်စိတ်အခြေအနေတစ်ခုဖြစ်သလို လှုပ်ရှားဆောင်ရွက်မှုတစ်ခုလည်း ဖြစ်ပါသည်။ စခန်းလူထုထဲမှ မိမိတို့၏ အခြေအနေကို ကောင်းစွာနားလည်သော မန်နေဂျာများကို ရရှိနိုင်ပြီး ကိုယ်ပိုင်အတွေးအခေါ်များ၊ ကျွမ်းကျင် လိမ္မာမှုများနှင့် စွမ်းအားများလည်း ရှိကြပါသည်။

စခန်းလူထုအား ၎င်းတို့အပေါ်သက်ရောက်စေသည့် ဆုံးဖြတ်ချက်များတွင် မည်သို့ ပါဝင်ချမှတ်စေမည်နည်း

- စခန်းအစီအစဉ်ရေးဆွဲမှုတွင် ပါဝင်ရန် အစကနဦးကတည်းက လူထုအား ဖိတ်ကြားကာ ရလဒ်များအား အသိ ပေးခြင်း
- လူထုအား ၎င်းတို့၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများမှာ အဘယ်နည်း၊ စခန်းအတွက် မည်သည် တို့ကို ပံ့ပိုးနိုင်မည်နည်းဆိုသည်ကို မေးမြန်းခြင်း
- ညှိနှိုင်းအစည်းအဝေးများ၊ ဖိုရမ်များ၊ လှုပ်ရှားမှုများနှင့် ရွေးကောက်တင်မြှောက်ပွဲများတွင် တိုင်းရင်းသား လူမျိုးစုများ၊ ကလေးများ၊ အသက်အရွယ်အမျိုးမျိုး၊ ယောက်ျား၊ မိန်းမများအား အတူတကွဖြစ်စေ၊ သီးခြား စီဖြစ်စေ လိုအပ်သလို ပါဝင်ဆောင်ရွက်နိုင်မှုအား သေချာစေခြင်း
- အခန်း ၃ - လူထုပါဝင်ဆောင်ရွက်မှု တွင် ဆွေးနွေးထားသကဲ့သို့ အရေးပေါ်အခြေအနေ မတိုင်မီက ရပ်ရွာ တွင် ပုံမှန်ရှိနေသည့် လူထုပါဝင်ဆောင်ရွက်မှုပုံစံနှင့် အုပ်ချုပ်ရေးပုံစံများကို သိရှိအောင် ဖော်ထုတ်ခြင်း
- လူထုပါဝင်ဆောင်ရွက်ရာတွင် ကန့်သတ်ချက်များကို ရှင်းလင်းစွာ အသိပေးထားခြင်း၊ ခွဲခြားဆက်ဆံမှု မခြင်းကဲ့သို့ စခန်း စီမံခန့်ခွဲမှု၏ အချို့သောကဏ္ဍများသည် ညှိနှိုင်းယူ၍ မရခြင်းကြောင့် ၎င်းတို့အတွက် ဆွေးနွေးတိုင်ပင်ရန် လိုအပ်မည်မဟုတ်ပါ။
- သင်မည်သူ့ကို ပါဝင်ဆောင်ရွက်ရန် ဖိတ်ကြားမည်နည်း၊ မည်သို့ ဖိတ်ကြားမည်နည်းဆိုသည်ကို အတိအကျ စဉ်းစားသုံးသပ်ခြင်း။ ကိုယ်စားပြုနိုင်သော ရွေးချယ်မှုဖြစ်ပါသလား၊ ကောင်းမွန်သော ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ် ဖြစ်ပါသလား။
- လူထုကိုယ်စားလှယ်များသည် ဆုံးဖြတ်ချက်ချမှတ်မှုတွင် အကြိမ်ရေမည်မျှ ပါဝင်ခဲ့ပြီး ၎င်းတို့ထံတွင် ဆုံးဖြတ် ချက် ချပိုင်ခွင့် အမှန်တကယ်ရှိ၊ မရှိ ပြန်လှန်သုံးသပ်ခြင်း

## ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လှန်သုံးသပ်ဆန်းစစ်ခြင်း

စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် အစီအစဉ်များ၏ ပန်းတိုင်များနှင့် ရည်ရွယ်ချက်များအား ဘေးဒဏ်ခံလူထု၏ ပါဝင်ဆောင်ရွက်မှုဖြင့် ဒီဇိုင်းပုံစံ ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လှန်သုံးသပ်ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီး လေ့လာတွေ့ရှိမှုများကို အဖွဲ့အစည်းအတွက် စဉ်ဆက်မပြတ် ထည့်သွင်းအသုံးချကာ ထိုလုပ်ငန်းစဉ်၏ ရလဒ်များကို သတင်းပေးပို့ အစီရင်ခံရပါမည်။

တာဝန်ခံယူမှုရှိသော စခန်းစီမံခန့်ခွဲမှုအေဂျင်စီများသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံများကို ပွင့်လင်းမြင်သာစွာ ပြန်လှန်စိစစ်သုံးသပ်နိုင်ရမည်ဖြစ်ပြီး ထိုသုံးသပ်မှုများကို အခြေခံ၍ လေ့လာသင်ယူကာ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန် ပြင်ဆင်ထားရပါမည်။ လေ့လာအကဲဖြတ်မှုများ၊ အစီအစဉ်များနှင့် ပြန်လှန်သုံးသပ်ဆန်းစစ်မှုများကို စီစဉ်ရေးဆွဲရာတွင် လူထု ပါဝင်ဆောင်ရွက်စေသည်ဟုဆိုခြင်းမှာ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် အစီအစဉ်များကို တိုးတက်အောင် ဆောင်ရွက်မှုတို့တွင် ဘေးဒဏ်ခံလူထုသည် တိုက်ရိုက်ဩဇာသက်ရောက်နိုင်သည် ဟူသော အဓိပ္ပါယ် ဖြစ်ပါသည်။

ဘေးဒဏ်ခံလူထုအား ၎င်းတို့အပေါ် သက်ရောက်နိုင်သည့်အရာများကို ဒီဇိုင်းပုံစံရေးဆွဲရာတွင် မည်သို့ပါဝင် ဆောင်ရွက်စေမည်နည်း၊ ကျွန်ုပ်တို့၏ လုပ်ဆောင်ပုံများကို မည်သို့ တိုးတက်ကောင်းမွန်အောင် ပြုလုပ်မည်နည်း

- စခန်းနှင့် အစီအစဉ်ဒီဇိုင်းပုံစံရေးဆွဲမှုတွင် စခန်းတွင်းမှလူထုအား မည်သို့ပါဝင်ဆောင်ရွက်စေမည် ဆိုသည်နှင့် ပတ်သက်၍

ဆန်းသစ်တီထွင်ခြင်း၊ ပြိုင်ပွဲများကျင်းပခြင်း၊ အထူးကျွမ်းကျင်မှု အရည်အသွေးများရှိသော စခန်းလူထုအတွက် အလုပ်အကိုင်များပေးခြင်းနှင့် ဦးတည်အုပ်စု ဆွေးနွေးပွဲ များကျင်းပခြင်း

- ➔ OCHA ၏ အညွှန်းကိန်းများထဲမှ AAP အညွှန်းကိန်းများအား ပုံမှန် စောင့်ကြည့်ကြီးကြပ်မှုများအတွက် ထည့်သွင်းအသုံးပြုခြင်း
- ➔ စခန်းလုပ်ငန်းများအား ပြန်လှန်သုံးသပ်စစ်ဆေးရန်အတွက် မည်သည့် စံသတ်မှတ်ချက်များကို အသုံးပြု သင့်သည်ဟု ထင်ပါသနည်းဟု လူထုအား မေးမြန်းခြင်း
- ➔ စခန်းတွင်းရှိ စီမံချက်များအား ထပ်မံဆောင်ရွက်သင့်သည် သို့မဟုတ် ပြောင်းလဲသင့်သည်ဆိုသည်ကို စခန်းလူထုမှ ပြောရေးဆိုခွင့်ရှိအောင် လုပ်ဆောင်ပေးခြင်း
- ➔ တတ်နိုင်သမျှ လေ့လာဆည်းပူးကာ ထိုလေ့လာသိရှိမှုများကို လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်း
- ➔ လေ့လာအကဲဖြတ်မှုများ၊ စခန်းစီမံခန့်ခွဲမှုအား စောင့်ကြည့်လေ့လာမှုနှင့် ပြန်လှန်ဆန်းစစ်မှုများကို မည်သို့လုပ်ဆောင်သင့်ကြောင်း စခန်းလူထုထံမှ အကြံဉာဏ်များ တောင်းခံခြင်း

## အသုံးပြုရန် နည်းလမ်းအထောက်အကူများ

### အသုံးပြုရန်နည်းလမ်းအထောက်အကူများနှင့် ရည်ညွှန်းစာအုပ်စာတမ်းများ

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများအားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၄င်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၄င်း ရရှိနိုင်ပါသည်။


- Global CCCM Cluster, 2013. What Is Camp Coordination and Camp Management?
- Global CCCM Cluster, 2013. Checklist for Camp/Cluster Coordinator
- Global CCCM Cluster, 2013. Terms of Reference for CCCM Cluster Camp Management Agency
- Global CCCM Cluster, 2013. Terms of Reference for CCCM Cluster Coordinators
- Inter-Agency Standing Committee (IASC), 2006. Protecting Persons Affected by Natural Disasters: IASC Operational Guidelines on Human Rights and Natural Disasters
- International Committee of the Red Cross (ICRC), 2004. What Is Humanitarian Law?
- International Federation of the Red Cross (IFRC), 1994. The Code of Conduct for the International Red Cross and Red Crescent Movement and NGOs in Disaster Relief
- Office for the Coordination of Humanitarian Affairs (OCHA), 1999. An Easy Reference to International Humanitarian Law and Human Rights Law.
- OCHA, 2004. Guiding Principles on Internal Displacement
- OCHA, June 2012. OCHA on Message: Humanitarian Principles
- OCHA, June 2012. OCHA on Message: The Cluster Approach
- Organization of African Unity, 1969. Organization of African Unity Convention Governing the Specific Aspects of Refugee Problems in Africa
- UN Agency for Refugees (UNHCR), 1950. Statute of the Office of the United Nationals Commissioner for Refugees
- UNHCR, 1984. 1984 Cartagena Declaration on Refugees UNHCR,2013. Flexibility and Synergy, Refugee Coordination Model
- Universal Declaration of Human Rights, 1948

## ရည်ညွှန်းစာအုပ်စာတမ်းများ


- Brookings Institution, University of Bern Project on Internal Displacement, 2005. Addressing Internal Displacement: A Framework for National Responsibility
- Brookings Institution, University of Bern Project on Internal Displacement, 2007. When Displacement Ends: A Framework for Durable Solutions
- Centre of Housing Rights and Evictions, 2005. The Pinheiro Principles: UN Principles on Housing and Property Restitution for Refugees and Displaced Persons
- Chatham House, 2002. Refugees and Host Communities in International Law. Report of a Consultation Workshop 7-8 September 2002
- Emergency Capacity Building Project, 2007. Impact Measurement and Accountabilities in Emergencies – The Good Enough Guide
- Humanitarian Accountability Partnership, 2010. The 2010 HAP Standard in Accountability and Quality Management
- IASC, 2002. Growing the Sheltering Tree; Protecting Rights through Humanitarian Action, Programmes and Practices Gathered from the Field
- IASC, 2010. IASC Framework on Durable Solutions for Internally Displaced Persons
- IASC, 2010. IASC Transformative Agenda – 2012
- IASC, 2012. Reference Module for Cluster Coordination at the Country Level
- ICRC. The Geneva Convention of 12 August 1949
- Internal Displacement Monitoring Centre (IDMC) and Norwegian Refugee Committee (NRC), April 2013. Global Overview 2012: People Internally Displaced by Conflict and Violence
- IDMC and NRC, May 2013. Global Overview 2012: People Displaced by Disasters
- International Organization for Migration (IOM), Roger Zetter, 2012. Forced Migration - Changing Trends, New Responses
- Overseas Development Institute, Humanitarian Policy Group, Simone Haysom, 2013. Sanctuary in the City? Urban Displacement and Vulnerability - Final Report
- Matthew Serventy, 2014. Other Accountability Initiatives (to complement the accountability section of the Toolkit's Chapter 1, About Camp Management)
- The Sphere Project, 2011. The Sphere Handbook: Humanitarian Charter and Minimum Standards in Humanitarian Response
- The Sphere Project, 2011. 2011 Edition of the Sphere Handbook: What Is New?
- UNHCR, 1951 and 1967. Convention and Protocol relating to the Status of Refugees
- UNHCR, 14 January 1999. The Security, and Civilian and Humanitarian Character of Refugee Camps and Settlements
- UNHCR, 2006. Operational Protection in Camps and Settlement: A Reference Guide of Good Practices in the Protection of Refugees and Other Persons of Concern
- UNHCR, 2007. Handbook for Emergencies
- UNHCR and IOM, 2010. Collective Centre Guidelines

- UNHCR, 2012. Statistical Yearbook
- UNHCR, 2013. UNHCR Mid-Year Trends 2013
- UNHCR, 20 June 2013. Understanding Community-Based Protection
- UNHCR, IOM, NORCAP/NRC, 2014. Urban Displacement and Out of Camp Review